ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၄ရက်၊ တနင်္ဂနွေနေ့၊ (20-6-2004) (၄၂၇၀)

ပုဗ္ဗေ စ ကတ ပုညတာ၊ တေံ မင်္ဂလ မုတ္တမံ။

ရှေးကောင်းမှုကံ ရှိခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ရာနှုန်းပြည့်မိုး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မြန်မာနိုင်ငံ ပညာရေး ကော်မတီဥက္ကဋ္ဌ၊ **နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုမြို့ မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲ အခမ်းအနားတွင် ကျောင်းဆောင်သစ် စာသင်ခန်းများအတွင်း** ကျောင်းသား၊ ကျောင်းသူများ၏ ဉာဏ်ရည် ဉာဏ်သွေး စွမ်းရည် ပြသမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုမြို့ ကျောင်းဆောင်သစ်ဖွင့်ပွဲများ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇွန် ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောက်လုပ်လှူဒါန်းသည့် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၂၀) အခြေခံပညာမူလတန်းကျောင်း၊ ရွှေလင်ပန်းစက်မှုမြို့ မူလတန်းကြိုကျောင်း၊ အမှတ်(၆) အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် အမှတ်(၄၇) အခြေခံပညာမူလတန်းကျောင်းများ၏ ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ ကျောင်းအသီးသီး၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ အခမ်းအနားများသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ မိဘဆရာအသင်းဝင်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လှိုင်သာယာမြို့နယ် အမှတ်(၂၀) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို နံနက် ၉နာရီခွဲတွင် ရွှေလင်ပန်းစက်မှုမြို့ အလယ်ရွာရှိ အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်တို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးလိုက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မူလတန်းကျောင်း ကျောင်းဆောင်သစ်

လှိုင်သာယာမြို့နယ် အမှတ်(၂၀) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ
The Mirror

၂၀-၆-၂၀၀၄
(တနင်္ဂနွေနေ့)

ပြည်သူ့ သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စီမံကိန်းရည်မှန်းချက်များ ပြည့်မီကျော်လွန်ရေး ဒေသအလိုက် အရှိန်အဟုန်ဖြင့် ကြိုးပမ်း

နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးဖြစ်သည်။ နိုင်ငံတော်အစိုးရက မျက်မှောက်ခေတ် နိုင်ငံ၏အခြေအနေနှင့် ကိုက်ညီသည့် မူဝါဒလုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်ရင်း အနာဂတ်နိုင်ငံတော်အတွက် အခြေခံကောင်းများကို ဦးတည်ဆောင်ရွက်လျက်ရှိသည်။

ခေတ်မီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့သည် ပဓာနကျသည့် အခြေခံလိုအပ်ချက်များဖြစ်သည်။

ယခုအခါ နိုင်ငံတော်တစ်ဝန်း တည်ငြိမ်အေးချမ်းသာယာမှုများ လွှမ်းခြုံလျက်ရှိပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့် တပ်မတော်တို့က ညီညီညွတ်ညွတ် ပူးပေါင်းအားထုတ် ကြိုးပမ်းလျက်ရှိနေကြပြီဖြစ်သည်။

နိုင်ငံတော်တွင် အခြေခံအဆောက်အအုံများ တောင့်တင်းခိုင်မာရေးအတွက်တည်ဆောက်ရင်း အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတိုစီမံကိန်းများ ချမှတ်ပြီး နိုင်ငံတွင်းရှိ စွမ်းအင်နှင့် စွမ်းအားအသီးသီးကို အားပြုအကောင်အထည်ဖော်လျက်ရှိသည်။

ပထမကာလတိုလေးနှစ်စီမံကိန်းနှင့် ဒုတိယကာလတိုငါးနှစ်စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် ကဏ္ဍအလိုက်နှင့် ဒေသအလိုက် လျာထားသတ်မှတ်ချက်များ ချမှတ်ဆောင်ရွက်ခဲ့ရာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင် ကြိုးပမ်းမှုဖြင့် လျာထားချက်များ ပြည့်မီကျော်လွန်ခဲ့သည်။

ယခုအခါ နိုင်ငံတော်၏စီးပွားရေး ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက်၂၀၀၁-၂၀၀၂ခုနှစ်မှ ၂၀၀၅-၂၀၀၆ခုနှစ်အထိ တတိယကာလတိုငါးနှစ်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

တတိယကာလတို ငါးနှစ်စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် စီမံကိန်းရည်မှန်းချက်များအဖြစ် **လယ်ယာစိုက်ပျိုးရေး အခြေခံစက်မှုလုပ်ငန်းများ တိုးချဲ့ရေး၊ အထွေထွေအခြေခံစက်မှုလုပ်ငန်းများ တိုးချဲ့ရေး၊ စက်မှုလုပ်ငန်း တိုးချဲ့မှုနှင့်အတူ လိုက်လျောညီထွေမှုရှိစေရေးအတွက် လျှပ်စစ်ဓာတ်အားကဏ္ဍ၊ စွမ်းအင်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး၊ လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍများတွင် ပြည်တွင်းသုံးစွဲမှု ဖူလုံရေးနှင့် ပြည်ပပို့ကုန်တင်ပို့နိုင်ရေးအတွက် တိုးချဲ့ဆောင်ရွက်ရေး**များ ချမှတ်ထားရှိသည်။

ထို့အပြင် တတိယကာလတိုငါးနှစ်စီမံကိန်း၏ ရည်မှန်းချက်များတွင် **အခြားကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး** တို့ကိုလည်း ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

တတိယကာလတို ငါးနှစ်စီမံကိန်း အကောင်အထည်ဖော်မှုများ အရှိန်အဟုန် ရရှိလာသည်နှင့်အညီ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် အခြားစီးပွားရေးကဏ္ဍများလည်း ဖွံ့ဖြိုးစပြုလာပြီဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ဖွံ့ဖြိုးတိုးတက်ရေး အခြေခံမူသည် နိုင်ငံတစ်ဝန်းလုံး ညီမျှသည့် ဖွံ့ဖြိုးရေးကို ရှေးရှုထားသည်ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စီမံကိန်းလုပ်ငန်းများ အောင်မြင်စေရေး အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်း လုပ်ဆောင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ တိုင်းရင်းသားပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအားလုံးက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် တတိယကာလတို ငါးနှစ်စီမံကိန်း ရည်မှန်းချက်များပြည့်မီကျော်လွန်စေရန် နယ်မြေဒေသအလိုက်၊ ကဏ္ဍအလိုက် အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်းစွမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၁၉-၆-၂၀၀၄)

စစ်တွေမြို့	-	၉ ဒသမ ၂၁ လက်မ
မောင်တောမြို့	-	၆ ဒသမ ၈၁ လက်မ
သထုံမြို့	-	၆ ဒသမ ၅၀ လက်မ
အမ်းမြို့	-	၅ ဒသမ ၅၉ လက်မ
ဘားအံမြို့	-	၅ ဒသမ ၅၁ လက်မ
သံတွဲမြို့	-	၄ ဒသမ ၈၈ လက်မ
ကျောက်ဖြူမြို့	-	၄ ဒသမ ၆၈ လက်မ
မြိတ်မြို့	-	၄ ဒသမ ၆၁ လက်မ
ရွှေကျင်မြို့	-	၄ ဒသမ ၂၅ လက်မ
ဖောင်းတူမြို့	-	၃ ဒသမ ၈၆ လက်မ
ထားဝယ်မြို့	-	၃ ဒသမ ၅၀ လက်မ
ခန္တီးမြို့	-	၃ ဒသမ ၄၂ လက်မ
ကျောက်တော်မြို့	-	၃ ဒသမ ၃၁ လက်မ
ဂွမြို့	-	၃ ဒသမ ၂၃ လက်မ
ဟသ်ာတမြို့	-	၃ ဒသမ ၀၃ လက်မ

အစဉ်သီးနေမည့် မီဒီယာအပင်

* ရှမ်းပြည်နယ်မြောက်ပိုင်း
အရှေ့မြောက်တိုင်းဒေသတွင်၊
ယနေ့လျှင်ပေါ်ကာထွက်
ပြည်သူ့အတွက် မီဒီယာအပင်။
* မီဒီယာအပင်ကြီး
အသီးကချိုမြိန်စွာ
ပြည့်ဝပါအာဟာရ၊
ဒေသမှာ နေသူများတွက်
ဝေမျှကာ အတူစားနိုင်ဖို့
အားသစ်ကာ ခိုင်ခိုင်ဖြီး
သီးလိမ့်ထာဝရ။ ။

(ယနေ့ဖွင့်လှစ်သည့် လားရှိုးကိုယ်ပွားသတင်းစာတိုက်ကို ရည်ညွှန်းလျက်)

ဖိုးဝ

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ကကြီးမှူး ကျင်းပသည့် ၂၀၀၄ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် လှေလှော်ပြိုင်ပွဲကို အင်းလျားကန်တွင် ကျင်းပစဉ်။
(ကြေးမုံ)

၂၀၀၄ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် လှေလှော်ပြိုင်ပွဲများ ကျင်းပ၊ဆုချီးမြှင့်

ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ကကြီးမှူး ကျင်းပသည့် ၂၀၀၄ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် လှေလှော်ပြိုင်ပွဲကို ယနေ့နံနက်ရနာရီမှစ၍ အင်းလျားကန်တွင် ကျင်းပသည်။

- ပြိုင်ပွဲများ -

ပြိုင်ပွဲတွင် မီတာ၁၇၀၀ အပြည်ပြည်ဆိုင်ရာလှေလှော်အမျိုးသမီးတစ်ယောက်လှော်ပြိုင်ပွဲ၊ မီတာ၅၀၀ကယက်လှေ အမျိုးသား တစ်ယောက်လှော်ပြိုင်ပွဲ၊ မီတာ ၁၇၀၀ အပြည်ပြည်ဆိုင်ရာလှေ အမျိုးသား နှစ်ယောက်လှော်ပြိုင်ပွဲ၊ မီတာ ၅၀၀ ကနူးလှေအမျိုးသား တစ်ယောက်လှော်ပြိုင်ပွဲ၊ မီတာ၁၇၀၀ အပြည်ပြည်ဆိုင်ရာလှေ အမျိုးသား တစ်ယောက်လှော်ပြိုင်ပွဲ၊ မီတာ ၅၀၀ ကယက်လှေ အမျိုးသမီးတစ်ယောက်လှော် ပြိုင်ပွဲ၊ မီတာ၁၇၀၀ အပြည်ပြည်ဆိုင်ရာလှေ အမျိုးသားလေးတက်လှော်ပြိုင်ပွဲ၊ မီတာ ၁၇၀၀ အပြည်ပြည်ဆိုင်ရာလှေ အမျိုးသမီးနှစ်ယောက်လှော်ပြိုင်ပွဲ၊ မီတာ၅၀၀ ကယက်လှေအမျိုးသား နှစ်ယောက်လှော်ပြိုင်ပွဲ၊ မီတာ ၁၇၀၀ အပြည်ပြည်ဆိုင်ရာလှေ အမျိုးသား နှစ်ယောက်လှော်ပြိုင်ပွဲ၊ မီတာ ၅၀၀ ကနူးလှေ အမျိုးသားနှစ်ယောက်လှော်ပြိုင်ပွဲ၊မီတာ၁၇၀၀ အပြည်ပြည်ဆိုင်ရာလှေ အမျိုးသမီး လေးယောက်လှော်ပြိုင်ပွဲ၊ ကယက်လှေအမျိုးသမီး နှစ်ယောက်လှော်ပြိုင်ပွဲ၊ မီတာ ၁၇၀၀ အပြည်ပြည်ဆိုင်ရာလှေ အမျိုးသား လေးယောက်လှော်ပြိုင်ပွဲ၊ မီတာ ၅၀၀ ရိုးရာလှေ သုံးတက်လှော်(ကျား)ပြိုင်ပွဲ၊ မီတာ၁၇၀၀ အပြည်ပြည်ဆိုင်ရာလှေ အမျိုးသမီး နှစ်တက်လှော်ပြိုင်ပွဲ၊ မီတာ ၅၀၀ Dragon Boat (Mixed)ပြိုင်ပွဲ၊ စုစုပေါင်း ပြိုင်ပွဲ ၁၇မျိုး၏ ဗိုလ်လုပွဲစဉ်များကို ကျင်းပခဲ့သည်။

ဗိုလ်လုပွဲစဉ်များအပြီးတွင် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိန်ထွန်း၊ အမှုဆောင်များ၊ တာဝန်ရှိသူများက ဆုရရှိသူများအား အောင်နိုင်ဆုများချီးမြှင့်ကြသည်။ (ကြေးမုံ)

ဇွန် ၉ရက်က ဇီဝိတဒါနသံဃာ့ဆေးရုံကြီးဝင်းအတွင်းရှိ သာသနာ့နွယ်ဝင် သီလရှင်ဆေးရုံကြီးကြပ်ရေး အမျိုးသမီးအဖွဲ့က သီလရှင်ဆေးရုံသို့ ကျပ်တစ်သိန်း နှစ်သောင်းတန်ဖိုးရှိ အဝတ်လျှော်စက်တစ်လုံးလှူဒါန်းရာ သီလရှင်ဆေးရုံကြီးကြပ်ရေး အမျိုးသမီးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်နှင့် အဖွဲ့ဝင်များထံမှ ဇီဝိတဒါန သံဃာ့ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုကြီး(အငြိမ်းစား သံအမတ်ကြီး) နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ လက်ခံရယူကြစဉ်။
(က-ပ)

သိမ်တော်ကြီး နှစ်ထပ်ဆောင်အတွက် လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၁၉

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်ရှိ သီလဝိသောဓနီ သိမ်တော်ကြီး နှစ်ထပ်ဆောင် ဆောက်လုပ်လျက်ရှိရာ တည်ဆောက်ရေးအဖွဲ့ ဦးဆောင်နာယက မြို့နယ်သံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တ ခေမိန္ဒ ဂန္ဓာရုံကျောင်း ဖုန်း-၆၉၉၃၀၆၊ ဘဒ္ဒန္တ သုမင်္ဂလဗုဒ္ဓိ ရတနာဇေယျကျောင်း ဖုန်း-၆၉၀၁၂၄နှင့် သီဟသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့် ဖုန်း-၀၉၈-၀၁၄၉၁၅၊ ၆၉၉၁၂၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

မြှင့်အားကြောင့် မြင့်မားလာသော လွိုင်လင်ခရိုင်(၁)

ရတနာစည်ဆရာတော်(လွိုင်လင်)

(က)

လွိုင်လင်ခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည့် အစီအမံများ၏ အောင်မြင်ဖြစ်ထွန်းမှုများကို လေ့လာသုံးသပ်နိုင်ရန်နှင့် လိုအပ်သည်များ ဆက်လက်ပံ့ပိုးနိုင်စေရန် မိမိနှင့်အတူ ဒေသဆိုင်ရာ တာဝန်ခံများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ယနေ့လာရောက်ကြခြင်းဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်
ပဉ္စမအကြိမ် လွိုင်လင်ခရိုင်ခရီးစဉ် (၂၄-၅-၂၀၀၄)

(ခ)

လွိုင်လင်ခရိုင်၏ ခရိုင်မြို့ဖြစ်သော လွိုင်လင်မြို့သို့ ဤအရှင်တို့သည် လွန်ခဲ့သော ၁၉၈၂ ခုနှစ် နှစ်ကုန်လု ကာလ၌ မမျှော်လင့်ဘဲရောက်ရှိလာကာ မမျှော်လင့်ဘဲလျက်သာ အခြေချခဲ့ရပါကုန်၏။ အခြေချခဲ့ရသည့် အတိုင်းပင် လွိုင်လင်ခရိုင်နှင့်စပ်လျဉ်း၍ ခရိုင်သားတို့၏ အနေအထားနှင့် ခရိုင်၏အခြေအနေတို့၌ ထဲထဲဝင်ဝင် တွေ့မြင်နှံ့သိခဲ့ရပါ၏။ သည်ကာလနှစ်ပေါင်း ၂၀ ကျော်ကို ၁၀ နှစ်စီ ကန့်ကြည့်လိုက်လျှင် ပထမ ၁၀ နှစ် (၁၉၈၃-၁၉၉၃)၌ ခရိုင်၏ အခြေအနေ ဝေဝါးနေခဲ့သလို ခရိုင်သားတို့၏ အနေအထားသည် နိမ့်ပါးခဲ့ကြောင်း ဝန်ခံရမည်ဖြစ်ပြီး ဒုတိယ ၁၀ နှစ်(၁၉၉၄-၂၀၀၄)တွင်မူကား ခရိုင်၏ အခြေအနေစွင့်ကားလာသလို ခရိုင်သားတို့၏ အနေအထားလည်း မြင့်မားလာကြောင်း ဝင့်ကြွားစွာ ပြောနိုင်ပါချေပြီ။ သည်သို့ဖြစ်ထွန်းလာအောင် မြှင့်အားပေးနေသည့် ကတ္တားရှင်သည်ကား ယနေ့ နိုင်ငံတော်အစိုးရပါတည်းဟူ၍မူ အထူးပြောဖွယ် လိုမည်မထင်ပါတော့။

(ဂ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ၂၀၀၄ ခုနှစ် မေ ၂၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့်ထွက်ခွာကြရာ ရှမ်းပြည်နယ် လွိုင်လင်ခရိုင် နမ့်စန်မြို့သို့ ရောက်ရှိလာကြသော် နမ့်စန်လေဆိပ်မှ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ နမ့်စန်တပ်နယ်မှ ဗိုလ်မှူးချုပ် မြင့်သိန်း၊ လွိုင်လင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်၊ မြို့နယ်ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြပြီး ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့သည် လွိုင်လင်ခရိုင်အတွင်း နှစ်ရက်တိုင်တိုင် မနားမနေလှည့်လည်ရင်း လွိုင်လင်ခရိုင်သားတို့အား မြှင့်အားတင်ပေးကြပါကုန်၏။

ဤခရီးစဉ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လွိုင်လင်ခရိုင်ပန်းချီကား၌ စုတ်ချက်အလှများစွာ ခြယ်သခဲ့သည်များမှ ပင်လုံမြို့၌ တည်ထား ကိုးကွယ်လျက်ရှိသော မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်ဝယ် ကုသိုလ်စုတ်ချက်တင်ခဲ့ပုံ ရှေးဦးစွာ ဆောင်းပါး အတွဲ(၁)အဖြစ် မုဒိတာမှတ်စု ဆစ်ထုသွန်းအပ်ပါ၏။

မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကြီးသည် မြန်မာနိုင်ငံ၌ ပထမဦးဆုံးသော မဏ္ဍိုင်မပါ အမိုးခုံးလိုဏ်ခံလျက်တည်ထားမည့် ထူးခြားသောပုံသဏ္ဍာန်ရှိသည့် စေတီတော်ကြီးဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်ခံ့စေရေးအတွက် ခေတ်မီနည်းပညာများ၊ ခေတ်မီတည်ဆောက်ရေးစနစ်များကို အသုံးပြု တည်ထားလျက်ရှိကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်။

နိုင်ငံတော်ဝန်ကြီးချုပ်၏ အမှာအထား စကားအတိုင်းပင် မဏ္ဍိုင်များ၊ တိုင်များ တစ်လုံးမျှမပါဘဲ အမိုးခုံးလိုဏ်ခံကာ ဝိသေသသဏ္ဍာန်ပေါ်ထွန်းအောင် တည်ထားလျက်ရှိသည့် စေတီတော်ကြီးဖြစ်၏။ မြန်မာနိုင်ငံ၌ ပထမဆုံး ပေါ်ထွန်းလာမည့် စေတီတော်ကြီးလည်းဖြစ်၏။ ပေ ၁၂၀ ပတ်လည် တိုင်တစ်လုံးမျှ မရှိသော ဟာလာပြင်အထက်၌ ပေ ၅၀ အမြင့် လိုဏ်ခုံးသဏ္ဍာန် တည်ထားခြင်းဖြစ်သဖြင့် ယင်းသည်ပင် စေတီယဂဗ္ဘ (စေတီတော်ဝမ်းဗိုက်)အဖြစ် ဝိသေသလက္ခဏာ ဆောင်လျက်ရှိ၏။

ထင်သာမြင်သာဆိုရပါလျှင် ပေ ၁၂၀ အချင်းရှိသော စက်ဝိုင်း၌ ဇဟိုတည့်တည့် ပေ ၅၀ အမြင့်ရှိသော အုပ်ဆောင်းကြီး ခြုံငုံဆောင်းမိုးထားသော ပုံစံဖြစ်၏။ တစ်နည်းဆိုရပါလျှင် ပြန့်ညီပထဝီမြေပြင်ကို ကောင်းကင်ကြီးက အုပ်မိုးထားသော မျက်မြင်သဘာဝအတိုင်း တည်ဆောက်ထားခြင်းဖြစ်၏။ မြေပြင်နှင့် ထိစပ်သော မိုးကုပ်စက်ဝိုင်းကို သုညလက်မထား၍ ယင်းအထက် လက်မ ၂၄၀ မှစကာ ကောင်းကင်အမိုးခုံးကို အပြင်ဘက်မှငုံ၍ ရွှေတိဂုံစေတီပုံ တည်ထားမည်ဖြစ်၏။ စိတ်ကူးဖြင့် ပုံဖော်ကြည့်လျှင် လူ့ဘုံတည်းဟူသော မြေပြင်ကို စေတီတော်၏ ဝမ်းဗိုက်အတွင်း ထည့်သွင်းထားပြီး အထက် ကောင်းကင် နတ်ပြည်ခြောက်ထပ် ဟုဆိုရမည့် ပန်းတင်ခုံမှစကာ ယင်းအထက် အကနိဋ္ဌဗြဟ္မာဘုံ၌ ငှက်ပျောဖူးတော်တည်လျက် နေဝသညာ နာသညာယတန ဘုံတည်းဟူသော ဘဝဂ်ဘုံဝယ် စိန်ဖူးတော်တင်လှူပူဇော်မည့် သုံးဆယ့်တစ်ဘုံ ရွှေတိဂုံ စေတီတော်ကြီးဟု အဓိပ္ပာယ်အနက် ထင်လေ၏။

သည်သို့သော အဓိပ္ပာယ်နက်နက်တို့ဖြင့် ထုံမွမ်းအပ်သည့် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကြီးကို ပင်လုံမြေ၌ တည်ထားကိုးကွယ်ခြင်းနှင့် စပ်လျဉ်းကာ နိုင်ငံတော်ဝန်ကြီးချုပ်၏ လွိုင်လင်ခရိုင် တတိယအကျော့ ခရီးစဉ်ဖြစ်သည့် လွန်ခဲ့သော ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ပထမအကြိမ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကျင်းပစဉ် နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာတော်ကြီးများကို ဤသို့လျှောက်ထားခဲ့ဖူး၏။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တိုင်းရင်းသားလူမျိုးအပေါင်းတို့ စုစုစည်းစည်း တလုံးတစည်းတည်း ဖြစ်ထွန်းပေါ်ပေါက်လာအောင် ကြိုးပမ်းအကောင်အထည်ဖော်ပေးခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများ၊ ပင်လုံမြေမှသည် မြန်မာ့လွတ်လပ်ရေး ပြန်လည်ရရှိပြီး ပြည်ထောင်စုကြီး သန္ဓေတည် မွေးဖွားသန့်စင်လာခဲ့သည်အထိ မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားကို အစဉ်တစိုက် မြှင့်တင်ဆောင်ရွက်ခဲ့ကြသည့် မျိုးချစ်ပုဂ္ဂိုလ်ကြီးများအတွက် ကုသိုလ်ကောင်းမှု ဆည်းပူးပြုလုပ်ပေးရေး ဤပင်လုံဒေသ၌ စေတီတော်ကြီးတစ်ဆူ တည်ထားကိုးကွယ်ပူဇော်ရန် လမ်းညွှန်မိန့်ကြားခဲ့ပါသည်ဘုရား။

ယင်းလျှောက်ထားချက်နှင့်အတူ ထိုနေ့၊ ထိုအခမ်းအနား(၉-၁၂-၂၀၀၂၊ ပထမအကြိမ် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် တည်ထားကိုးကွယ်ရေး အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ)၌ စေတနာရှင်ပြည်သူများကိုလည်း နိုင်ငံတော်ဝန်ကြီးချုပ်က ဤသို့ ပြောကြားခဲ့ဖူး၏။

ပင်လုံဒေသတွင် ရွှေတိဂုံစေတီပုံတူ စေတီတော်မြတ်တစ်ဆူကို ဤစေတီတော်တည်ရှိနေသမျှ ကာလပတ်လုံး ပြည်ထောင်စုကြီးလည်း အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရမည်ဆိုသည့် ယုံကြည်ခံယူချက်ဖြင့် တည်ထားကိုးကွယ်ရန် စီမံဆောင်ရွက်ခြင်းဖြစ်ကြောင်း။

စေတီတော်ကြီး တည်ရှိနေသမျှ ကာလပတ်လုံး ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ ခိုင်မြဲစေရမည်၊ ပြည်ထောင်စုကြီး တည်ရှိနေသမျှ ကာလပတ်လုံး စေတီတော်ကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲနေရမည်ဆိုသော ခံယူချက်၊ ယုံကြည်ချက်ဖြင့် လေးနက်စွာ တည်ထားအပ်သော စေတီတော်ကြီးဖြစ်ခြင်းကြောင့် မိုးဒဏ်၊ လေဒဏ်၊ ငလျင်ဒဏ် ကြံ့ကြံ့ခံနိုင်မည့် ဒီဇိုင်းပုံစံအဖြစ် ခေတ်မီအင်ဂျင်နီယာ အတတ်ပညာများ၊ ခေတ်မီနည်းပညာများ အသုံးပြုကာ ဒီဇိုင်းပုံစံထုတ်ခြင်း၊ စံချိန်စံညွှန်းမီ တည်ထားခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

ထိုပထမအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲ၌ပင် ပြည်သူတို့ထံမှ သဒ္ဓါထက်သန်စွာ လှူဒါန်းအပ်သော အလှူငွေပေါင်းမှာ ငွေကျပ်သိန်း ၁၃၀၀ ကျော်ဖြစ်ခဲ့သလို ဒုတိယအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲကိုလည်း ဤမြေ ဤနေရာ၌ပင် နိုင်ငံတော်ဝန်ကြီးချုပ်၏ စတုတ္ထအကျော့ လွိုင်လင်ခရိုင် ခရီးစဉ်အတွင်း ၃၀-၉-၂၀၀၃ ရက်နေ့တွင် ကျင်းပပေးခဲ့ရာ အလှူငွေပေါင်း ကျပ်သိန်း ၁၉၀၀ကျော် ရရှိခဲ့ပြီး ယခုတစ်ဖန် တတိယအကြိမ် အလှူငွေပေးအပ် လှူဒါန်းပွဲကြီး ဝှဲချီးကျင်းပနိုင်ရန် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် ဤဒေသသို့ ပဉ္စမအကျော့ ခရီးစဉ်အဖြစ်ရောက်ရှိလာကာ ၂၅-၅-၂၀၀၄ရက်နေ့မှာပင်လုံမြို့ ပြည်ထောင်စု ကျောက်တိုင်ဝင်း၏ ဇဟိုချက် ဝိကာသိနီကုန်းတော်မင်္ဂလာမဏ္ဍပ်၌ ကမ္ဘာတည်သရွေ့တည်နေမည့် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်တည်ထား ကိုးကွယ်ရေးကောင်းမှုပန်းချီစုတ်ချက် ပြက်ပြက်ထင် ခြယ်သပေးနိုင်လေပြီ။

ယခု တတိယအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော အလှူတော်ငွေ ကျပ်သိန်း တစ်ထောင်ကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်အားပေးအပ်ရာ အခမ်းအနားတက်ရောက်သူ စေတနာရှင်ပြည်သူများကကိုယ်စား ဝမ်းသာမုဒိတာဖြင့် ရင်မှာလှိုက်ပျော် သာဓုခေါ် မိုးပေါ်ဘဝဂ် တိုင်လေ၏။

ထိုမှနောက်ဝယ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က အလှူငွေ ကျပ်သိန်း ၂၀ စီ၊ အထူးဒေသ(၆) ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာမဏိဇောတဓရ ဦးအောင်ခမ်းထီ-ဒေါ်နန်းဖြူမိသားစုနှင့် ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဦးနေဝင်းထွန်း-ဒေါ်နန်းအေးအေးမြင့် မိသားစုတို့က အလှူငွေ ကျပ်သိန်း ၄၅၀၊ ရွှေသံလွင်ကုမ္ပဏီ ဦးသိန်းဝင်း-ဒေါ်နီမိသားစုတို့က အလှူငွေ ကျပ် ၁၃၅ သိန်း၊ ယူနိုက်တက်ကော်မာရှယ်အုပ်စုကုမ္ပဏီက ငွေကျပ် ၁၃၅သိန်း၊ ဦးထွန်းမြင့်နိုင်(အုပ်ချုပ်မှုဒါရိုက်တာ)၊ အေရှားဝေါလ်ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၁၀၀ဟူ၍ ကုမ္ပဏီများကလည်းကောင်း၊ ဝန်ကြီးဌာနအသီးသီးတို့ကလည်းကောင်း၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များကလည်းကောင်း သဒ္ဓါရည်လိမ်း တစ်သိန်းအထက် လင်းလက်စေတနာ တက်ကြွစွာဖြင့် မင်္ဂလာဒါန ပုညသဘင် ပွဲကြီးဆင်သော် ကြည်လင်ဇောသန် သာဓုသံ ညံညံဘဝဂ် လွှမ်းလေ၏။

ဤတတိယအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲ၌ တိုင်းမှူး၏ စုစည်းမှုအရ တောင်ကြီးမြို့မှ လုပ်ငန်းရှင်တော်တော်များများ ထက်သန်စွာ ပါဝင်လာကြကြောင်း တွေ့ရှိရ၏။ ဦးမောင်မောင်ညွှန့် (ဂိုးလ်ဒင်းမွန်း ဆောက်လုပ်ရေး)၊ ဦးအေးကျော် (AKရောင်းဝယ်ရေး)၊ ခွန်ရာဇာမိသားစု၊ ဦးဌေးကြွယ်(ရတနာထွန်းဆောက်လုပ်ရေး)၊ ဦးထွန်းလွင်(တောင်ကြီးဟိုတယ်)၊ ဦးသန်းညွှန့် (အမြွာညီအစ်မ ပို့ဆောင်ရေး)၊ ဦးအေးဆွေ (ပြည်ချမ်းအောင် ဆောက်လုပ်ရေး)၊ ရွှေကျားပျံမိသားစု၊ ဟိုတယ်နှင့် တည်းခိုခန်းပိုင်ရှင်များ စသည့် အလှူရှင်များဖြစ်ကြ၏။

မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကြီးအား တတိယအကြိမ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ၌ ရရှိသော အလှူငွေစုစုပေါင်းမှာ ကျပ် ၂၀၁၈ သိန်းဖြစ်ပါသည်။

(ဃ)

ဤဆောင်းပါး ကမ္ပည်းတင်နေစဉ် ထူးခြားစွာ တိုက်ဆိုင်လာသော ပုညဝိသေသတစ်ရပ်ကို မှတ်တမ်းတင်ပါဦးမည်။ ၂၈-၅-၂၀၀၄ ည ၈ နာရီ မြန်မာ့ရုပ်သံသတင်း၌ သာသနာရေးဝန်ကြီးဌာနသို့ အလှူရှင်များက အလှူငွေ ပေးအပ်ပွဲသတင်းထုတ်ပြန်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား စေတနာရှင်များဖြစ်ကြသော မရမ်းကုန်းမြို့နယ် ချော်တွင်းကုန်း ဦးဘဟန်လမ်းနေ ဒေါ်တင်တင်ဦးနှင့် ရန်ကုန်မြို့ ၄၈ လမ်းနေ ဦးကျော်ဝင်း-ဒေါ်ခင်ခင်စိန်မိသားစုတို့က ရှမ်းပြည်နယ် ပင်လုံမြို့ မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်ကြီး၌ ထားရှိပူဇော်ခံမည့် ရွှေချိန် ၂၀ ကျပ်သားရှိ ဘုရားဆင်းတုတော်နှင့် ပရိက္ခရာရှစ်ပါးတို့ကို ပေးအပ်လှူဒါန်းပုံ ထုတ်လွှင့်ချက်ဖြစ်၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လွိုင်လင်ခရိုင်မြှင့်အားတင်ခရီးဝယ် မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်ကြီးအတွက် ကုသိုလ်စုတ်ချက် ပြက်ပြက်ထင်ခြယ်သအပြီး ရန်ကုန်ပြန်အရောက် သုံးရက်အကြာမှာ ယင်းသို့သော ရွှေသားစစ်စစ်ဘုရားဆင်းတုတော်နှင့် ပရိက္ခရာရှစ်အင် ဒြပ်ထင်သည့် ရွှေစင်အလှူ ပေါ်ထွန်းလာခြင်းကား စေတီတော်ကြီးအတွက်လည်းကောင်း၊ စေတီတော်ကြီးတည်ရှိရာ ရှမ်းပြည်နယ်နှင့်တကွသော ပြည်ထောင်စုကြီးအတွက်လည်းကောင်း၊ နိုင်ငံတော်အစိုးရအတွက်လည်းကောင်း၊ ဗုဒ္ဓမြတ်စွာသာသနာအတွက်လည်းကောင်း သုနက္ခတ္တံ သုမင်္ဂလံ ပြည့်လျှံဂုဏ်ဖြိုး တန်ခိုးတေဇာ ရောင်ဝါလက်လင်း ဘဝဂ်ချဉ်းမျှ ထင်းထင်းကြီးထင်နေတော့မည့် နိမိတ်ပုံဖြစ်လေတော့၏။

(င)

မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကြီး တည်ထားကိုးကွယ်ရေးစီမံကိန်းကို အေရှားဝေါ(လ်) ကုမ္ပဏီက တာဝန်ယူထား၏။ မြေသား၏ အနေအထားကို သိပ္ပံနည်းကျကျ အကြိမ်ကြိမ်စစ်ဆေးခြင်း၊ ငလျင်ဘယ်မျှဖျက်ဖျက် ကမ္ဘာမြေအက်မထွက်သရွေ့ စေတီတော်ကြီးအောက်ခြေမှစကာ မအက်မကွဲ မလဲမပြိုနိုင်စေရန် ပကတိမြေသားကျင်းပေါင်းများစွာ တူးပစ်ဖယ်ထုတ်ပြီး သံကူကွန်ကရစ်ကျောက်စရစ်ဘိလပ်မြေတို့ဖြင့်သာ မြေတွင်းလုပ်ငန်းကိုမြေပြင်ညီအရောက် အခိုင်အခံ့တည်ဆောက်ခြင်း၊ ယင်းမြေပြင်ညီမှအထက် ကိုးပေအမြင့်၊ ပတ်လည်အကျယ် ၃၂၆ စတုရန်းပေကို ရင်ပြင်တော်အဖြစ် ကွန်ကရစ်လောင်းကာ ဖြူန်း၊ ကျောက်စရစ်ဖြင့် တည်ဆောက်ခြင်း၊ ယင်းရင်ပြင်တော်မှအထက် အမြင့်ပေ ၂၀၊ ပတ်လည်ပေ ၂၀၀ကို ဂန္ဓကုဋိတိုက်အဖြစ် တည်ဆောက်ခြင်း၊ ယင်းဂန္ဓကုဋိတိုက်အတွင်းသို့ မုခ်လေးမုခ်မှ ပေ ၄၀ ဝင်သွားလျှင်ရောက်ရှိသွားမည့် အထက်၌ ဖော်ပြခဲ့သော အမြင့်ပေ ၅၀၊ အချင်းပေ ၁၂၀ရှိ မဏ္ဍိုင်မပါ အမိုးခုံးလိုဏ်ဂူကို ခေတ်မီနည်းပညာများဖြင့် တည်ဆောက်လျက်ရှိခြင်း။

ယခုအခါ စေတီတော်ကြီး တည်ထားရေးလုပ်ငန်းအရပ်ရပ် တာဝန်ခံများမှာ အေရှားဝေါ(လ်) ကုမ္ပဏီစီမံကိန်းမန်နေဂျာ ဦးချစ်သန်းဝင်း၊ အင်ဂျင်နီယာ ဦးတင့်လွင်တို့ဖြစ်ကြပြီး လက်သမားလုပ်သား၊ ပန်းရန်လုပ်သား၊ သံချည်သံကွေးလုပ်သားများ ၃၅၀နှင့် မြန်မာမှုပညာရှင်ဦးအုန်းတင် ဦးဆောင်သော မြန်မာမှုဗိသုကာလုပ်သား ၅၀တို့က စံချိန်စံညွှန်းနှင့်အညီ တည်ထားလျက်ရှိပါသည်။

(စ)

နိုင်ငံတော်အစိုးရသည် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကွက်လပ်သဖွယ် ကျန်ရစ်ခဲ့သော လွိုင်လင်ခရိုင်ကို ဖွံ့ဖြိုးရေးအထူးဒေသကြီးအဖြစ် သတ်မှတ်လျက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကြေးနန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးစသည်ဖြင့် ဘက်စုံထောင့်စုံ ကဏ္ဍစုံ အဟုန်မြင့်မိုးဖွံ့ဖြိုးတိုးတက်လာအောင် အရှိန်မြှင့်တည်ဆောက်ပေးလျက်ရှိ၏။

နိုင်ငံတော်အစိုးရက လွိုင်လင်ခရိုင်အတွက် ဖြည့်ဆည်းပေးအပ်သော စီမံကိန်းအရပ်ရပ်၏ တိုးတက်ဖြစ်ထွန်းမှုများကို လေ့လာသုံးသပ်ရန်နှင့် ထပ်မံဖြည့်ဆည်းပေးရန် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် အဖွဲ့ဝင်များနှင့်အတူ မြှင့်အားတင်ခရီး ပဉ္စမအကျော့အဖြစ် ၂၀၀၄ခုနှစ် မေ ၂၄မှ ၂၅ ရက်အထိ နှစ်ရက်တိုင်တိုင် လွိုင်လင်ခရိုင် အမြို့မြို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေး လမ်းညွှန်မှုပေးခဲ့သည်များထဲမှ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကြီး တည်ထားရေးအတွက် တတိယအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲ ကျင်းပပေးကာ အလှူငွေပေါင်း ကျပ် ၂၀၁၈ သိန်းတို့ဖြင့် အားဖြည့် မြှင့်တင်ပေးလေ၏။

ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတနာရှင် သဒ္ဓါရှင် အလှူရှင်တို့က ဓနဥစ္စာအားဖြင့် ငွေသားအလှူလှူကြသကဲ့သို့ ကိုယ်တိုင်တည်ထားကြသူ တာဝန်ခံများအနေဖြင့်လည်း တရားအလှူ လှူကြရေး အားပေးလမ်းညွှန်ခဲ့ကြောင်း ကြားသိရပါ၏။ တရားအလှူဟူသည် အခြားမဟုတ်ပါ။ အနှစ်သာရရောအသွင်အပြင်ပါ ထူးခြားဆန်းကြယ်လှသော မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကြီး တည်ထားရာ၌ တာဝန်ခံများအနေဖြင့် ဘာသာရေးအစဉ်အလာ ကျင့်စဉ်များ မမေ့မလျော့ ကျင့်သုံးဖြည့်ဆည်းခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် အဓိဋ္ဌာန်ပါရမီကို မူတည်ထားကာ သီလပါရမီ၊ သစ္စာပါရမီ၊ မေတ္တာပါရမီများ ဖြည့်ဆည်းကျင့်သုံးရေး၌ မမေ့မလျော့ရှိကြရန်၊ အဓိဋ္ဌာန်ဖြင့် ကိုးပါးသီလ ဆောက်တည်နိုင်ရန်၊ ဗုဒ္ဓါနုဿတိဘာဝနာနှင့် မေတ္တာဘာဝနာကို အလေးထား ပွားများကြရန်၊ ယင်းသို့သော တရားအလှူ လှူတတ်ကြရန် လမ်းညွှန်ခဲ့ပါသည်။

သို့ဖြင့် လွိုင်လင်ခရိုင်သည် နိုင်ငံတော်အစိုးရ၏ မြှင့်အားကြောင့် မြင့်မားလာလျက်ရှိရာဝယ် ဘာသာ၊ သာသနာ ရေးအရာတို့၌လည်း မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် ပွင့်ပေါ်တော်မူလာခြင်းဖြင့် အလင်းမြင့်တက် ပြိုးပြိုးပြက် ဝင်းလက်တောက်ထိန်နေပါတော့သတည်း ။ ။

နိုင်ငံခြား သတင်းများ

စီအိုင်အေက ခန့်ထားသည့် ကန်ထရိုက်တစ်ဦးကို အကျဉ်းသားညှဉ်းပန်းမှုဖြင့် ရုံးတင်

ဝါရှင်တန်   ဇွန်   ၁၈

အမေရိကန် ဗဟိုထောက်လှမ်းရေးဌာန(စီအိုင်အေ)က ခန့်ထားသော အရပ်ဘက် ကန်ထရိုက်တာတစ်ဦးသည် အာဖဂန်နစ္စတန်နိုင်ငံ၌ အကျဉ်းသားတစ်ဦးကို သေသည်အထိ ပြုမူခဲ့သည့်အတွက် အမေရိကန် ဗဟိုတရားရုံးတွင် တရားစွဲခံနေရပြီဖြစ်သည်။ အရပ်ဘက်ကန်ထရိုက်တာကို အကျဉ်းသားနှိပ်စက်မှုဖြင့် ရုံးတင်ရသည့်အဖြစ်မှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ပင်ဖြစ်ကြောင်း ရှေ့နေချုပ် ကွန်အက်ရှ်ကရော့ဖ်က ပြောကြားသည်။

ဇွန် ၁၇ ရက်က ဘဂ္ဂဒက်မြို့ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ နေရာ၌ လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရားစွဲဆိုခံရသူ ဒေးဗစ်ပါစာရိုမှာ အသက် ၃၈နှစ်ရှိ ရိန်းဂျာတပ်ဖွဲ့ဝင်ဟောင်းတစ်ဦး ဖြစ်သည်။ ပါစာရိုကို ၎င်းနေထိုင်ရာ မြောက်ကာရိုလိုင်းနားပြည်နယ်တွင်ပင် တရားစွဲဆိုထားခြင်းဖြစ်သည်။

ဝါလီသည် ဖမ်းဆီးခြင်းခံရသူ အကျဉ်းသားတစ်ဦးမဟုတ်၊ ၎င်း၏ဆန္ဒအလျောက် လာရောက်အဖမ်းခံခဲ့သူဖြစ်သည်။ ပါစာရိုသည် ထိန်းသိမ်းခံထားရသူ အကျဉ်းသား အဗ္ဗဒူလ်ဝါလီကို လက်သီးဖြင့်ထိုးခြင်း၊ လက်နှိပ်ဓာတ်မီးဖြင့် ရိုက်ခြင်း စသည့်အမှုများကို ၂၀၀၃ခုနှစ် ဇွန်လအတွင်းက ပြုလုပ်ခဲ့သည်။ ဝါလီကို ပါကစ္စတန်နယ်စပ်အနီး တစ်နေရာတွင် နှိပ်စက်ခဲ့မှုဖြင့် စွဲဆိုလိုက်ခြင်းဖြစ်သည်။

ပါစာရိုက ဝါလီအား အမေရိကန် စစ်အခြေစိုက်စခန်းကို ဒုံးကျည်ဖြင့် တိုက်ခိုက်သည့်ကိစ္စအတွက် စစ်ဆေးခဲ့ပြီး နောက်တစ်နေ့ ၂၀၀၃ ခုနှစ် ဇွန် ၂၁ ရက်တွင် ဝါလီကို ၎င်း၏ အချုပ်ခန်းအတွင်း၌ သေဆုံးနေသည်ကို တွေ့ခဲ့ရခြင်းဖြစ်သည်။

ဝါလီကို ဇွန်လ ၁၉ ရက်နှင့် ၂၀ရက်နေ့များတွင် စစ်ဆေးခဲ့သည်။ စစ်ဆေးရာ၌ ပါစာရိုသည် ဝါလီကို လက်သီးဖြင့် ထိုးခြင်း၊ ကန်ကျောက်ခြင်းနှင့် လက်နှိပ်ဓာတ်မီးနှင့် ရိုက်နှက်ခြင်းများ ပြုလုပ်ခဲ့သည်ဟု အက်ရှ်ကရော့ဖ်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

အကျဉ်းကျနိုင်

ပါစာရိုက အန္တရာယ်ဖြစ်စေသော လက်နက်ဖြင့် ကိုယ်ခန္ဓာနာကျင်စေရန် ရည်ရွယ်၍ ပြုလုပ်ခြင်းနှင့် ခန္ဓာကိုယ်တွင် ထိခိုက်စေရန် နှိပ်စက်မှုဖြင့် စွဲချက်အတင်ခံရခြင်းဖြစ်သည်။ ၎င်း အပြစ်ရှိကြောင်း တွေ့ရှိရပါက အနှစ် ၄၀အထိ အကျဉ်းကျနိုင်ကြောင်း သိရသည်။

အမေရိကန်တပ်ဖွဲ့များက အီရတ်နှင့် အာဖဂန်ရှိ အကျဉ်းသားများကို နှိပ်စက်ခဲ့သည့်ကိစ္စများနှင့် ပတ်သက်၍ ကမ္ဘာ့အလယ်တွင် ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်။ တို့အတော အတွင်း၌ပင် အမေရိကန်စစ်ဘက် အကျဉ်းသား ၃၃ ဦး သေဆုံးခဲ့မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း အမေရိကန် စစ်ဌာနချုပ်က ထုတ်ပြန်ခဲ့သည်။ အာဖဂန်နစ္စတန်တွင် အကျဉ်းသားသုံးဦး သေဆုံးခဲ့ရသောကိစ္စကို အတည်ပြုနိုင်ခဲ့သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်မြို့၌ အသေခံကားဗုံးဖောက်ခွဲ၍ လူ ၂၅ဦး သေဆုံး

ဘဂ္ဂဒက်   ဇွန်   ၁၈

ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်းဒေသရှိအီရတ်တပ်ဖွဲ့ဝင်စုဆောင်းရေးဌာန အပြင်ဘက်တွင် အသေခံကားဗုံးဖောက်ခွဲသဖြင့် လူ ၂၅ဦးထက်မနည်း သေဆုံးပြီး အခြားလူ ၅၀ ထိခိုက်ဒဏ်ရာရရှိကြောင်း အခင်းဖြစ်ပွားရာသို့ ရောက်ရှိနေသော အီရတ်နိုင်ငံသား တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုကြောင့် လူ ၂၅ဦးသေဆုံးကြောင်း အီရတ်အရပ်သား ကာကွယ်ရေးတပ်ဖွဲ့(အိုင်စီဒီစီ)မှ ဗိုလ်မှူးကြီး ဆမ်ဘူမိုဟာမက်က ပြောကြားသည်။ အမေရိကန်တပ်ဖွဲ့ဝင်များ အခြေစိုက်ရာ ထူထပ်စွာ ကာရံထားသည့် မူသန်နာ လေဆိပ်အနီး တပ်ဖွဲ့ဝင်စုဆောင်းရေးဌာန အပြင်ဘက်တွင် အသေခံကားဗုံးဖောက်ခွဲသူတစ်ဦးက ကားဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု သံချပ်ကာယန္တရားတပ်မမှ ဗိုလ်မှူးကြီးမိုက်မာရေးက ပြောကြားသည်။

အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်အသစ်များအတွက် တပ်ဖွဲ့ဝင်စုဆောင်းရေးဌာနကို ပြောက်ကျားများက ထပ်ခါတလဲလဲ ပစ်မှတ်ထား တိုက်ခိုက်လျက်ရှိသည်။ အီရတ်တပ်ဖွဲ့ဝင်များ၊ ကယ်ဆယ်ရေးသမားများနှင့် ဒေသခံလူများသည် ယင်းပေါက်ကွဲမှုကြောင့် ရှန်းရင်းဆန်ခတ် သွားလာကြသည်။ ပေါက်ကွဲမှုကြောင့် လူတစ်ဦး ပျက်စီးနေသည့် ကားအတွင်း သေဆုံးနေသည်။ အခြားတစ်ဦးမှာ ကားလမ်းပေါ်တွင် သေဆုံးနေသည်။

ဆေးရုံမှ တာဝန်ရှိပုဂ္ဂိုလ်များက လူ ၁၄ဦး သေဆုံးကြောင်း၊ ဒဏ်ရာရသူ လူ ၅၀ ကို ယာမောက်ဆေးရုံသို့ သယ်ဆောင်သွားကြောင်း ပြောကြားသည်။ အခြားသေဆုံးသူများကို ကာကက်ရှ်ဆေးရုံသို့ သယ်ဆောင်သွားဖွယ်ရှိသည်ဟု ဆိုသည်။

အီရတ်ကြားဖြတ်အစိုးရအဖွဲ့အား ဇွန် ၃၀ ရက်တွင် အာဏာလွှဲပြောင်းမပေးမီ ကြိုတင်၍ ဖျက်ဆီးရန် ပြောက်ကျားများက ဆုံးဖြတ်ထားပြီး စဉ်ဆက်မပြတ် တိုက်ခိုက်မှုတွင် ဖော်ပြပါ ကားဗုံးဖောက်ခွဲ တိုက်ခိုက်မှုသည် မကြာသေးမီကမှ ဖြစ်ပွားခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာဒေသကို အသွားအလာ ပိတ်ဆို့ထားလိုက်သည်။

အမ်အင်အေ၊ရိုက်တာ။

ဇွန် ၁၇ ရက်က ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲပြီး ဒဏ်ရာရသူ အီရတ်လူငယ်တစ်ဦးကို ဆေးရုံ၌ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အရပ်သားတစ်ဦးအား ပစ်သတ်ခဲ့သည့် ကန် အရာရှိကို ရုံးတင် စစ်ဆေးမည်

ဝါရှင်တန်   ဇွန်   ၁၈

အီရတ်အရပ်သား တစ်ဦးအား ပစ်သတ်ခဲ့မှုဖြင့် စွပ်စွဲခံထားရသည့် အမေရိကန် အမှတ်(၁) သံချပ်ကာတပ်ရင်းမှ အရာရှိတစ်ဦးကို စစ်တရားရုံးတွင် စစ်ဆေးကြားနာမည်ဖြစ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ကြာသပတေးနေ့တွင် ပြောကြားသည်။

အဆိုပါ အရာရှိအား စစ်ဆေးမည်ဆိုသည့် စာစောင်ပိုင်း တစ်ရက်က သတင်းစာ၏ဖော်ပြချက်သည် မှန်ကန်ကြောင်း အမေရိကန် ဗဟိုစစ်ဌာနချုပ်က ထုတ်ပြန်သည့် ကြေညာချက်တွင် အတည်ပြု ဖော်ပြထားသည်။ ယင်းဗဟိုဌာနချုပ်သည် အီရတ်နိုင်ငံရောက် အမေရိကန် တပ်ဖွဲ့များကို ကြီးကြပ်ကွပ်ကဲရသည်။

စနေနေ့တွင် တရားစွဲဆိုမည်ဖြစ်ကြောင်း ယင်းကြေညာချက်၌ ဖော်ပြထားသည်။ သို့ရာတွင် အချိန်နှင့် ရုံးတင်စစ်ဆေးမည့် နေရာတို့ကို မဆုံးဖြတ်သေးဟုဆိုသည်။ ရုံးတင်စစ်ဆေးခံရမည့် အရာရှိ၏ အမည်ကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

အမေရိကန် တပ်ဖွဲ့ဝင်များကို တိုက်ခိုက်နေသည့် ရှီးယိုက် ခေါင်းဆောင် အယ်ဆာဒါ၏ နောက်လိုက်များ လိုက်ပါလာသည်ဟု ယူဆသည့် ယာဉ်တစ်စီးနောက်သို့ မေ ၂၁ ရက်တွင် အမေရိကန် တပ်ဖွဲ့ဝင်များက လိုက်ပါပြီး ယင်းကဲ့သို့ ပစ်သတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းသို့ နောက်မှလိုက်ရာ၌ ယာဉ်မောင်းနှင့် ခရီးသည်တို့ ဒဏ်ရာရရှိခဲ့သည်။ ယင်းနောက် မကြာမီ ယာဉ်မောင်းမှာ အနီးကပ်ပစ်သတ်ခံရသဖြင့် သေဆုံးခဲ့သည်။

အင်တာနက်။

ဒုံးကျည်ဖြင့် ပစ်ခတ်ခံရမှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ကန်တပ်ဖွဲ့ဝင် သေဆုံး

ဘဂ္ဂဒက်   ဇွန်   ၁၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ပိုင်းရှိ အမေရိကန်စစ်ဘက်ဆိုင်ရာ အခြေစိုက်စခန်းအား ရော့ကက်ဒုံးကျည်ဖြင့် အပစ်ခံရစဉ် ရရှိခဲ့သည့် ဒဏ်ရာဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဗုဒ္ဓဟူးနေ့က သေဆုံးသွားခဲ့ရာ ယင်းတိုက်ခိုက်မှုကြောင့် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်သည် သုံးဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ယင်းတိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားနှစ်ဦးမှာ ရရှိထားသည့် ဒဏ်ရာများဖြင့် စစ်မြေပြင်ဆေးရုံတွင် သေဆုံးခဲ့ကြောင်း ကြာသပတေးနေ့က ထုတ်ပြန်သော စစ်ဘက်ကြေညာချက်အရ သိရှိရသည်။ ဘာလက်မြို့ အနီးရှိ အင်နာကွန်ဒါ စစ်ဘက်ဆိုင်ရာ အခြေစိုက်စခန်းအား ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့ရာတွင် လူ ၂၃ဦး ထိခိုက်ဒဏ်ရာရရှိပြီး တပ်ဖွဲ့ဝင် ၁၂ ဦးထက်မနည်း ပါဝင်ကြောင်း ကြေညာချက်တွင် ပါရှိသည်။

အမ်အင်အေ၊ရိုက်တာ။

တူရကီနှင့် အီဂျစ်ဓားစာခံတို့ကို အီရတ်၌ ပြန်လွှတ်ပေး

အစ္စတန်ဘူလ်   ဇွန်   ၁၈

ယခုလ စောစောပိုင်းက ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် တူရကီလူမျိုး ထရပ်ကားမောင်းသူတစ်ဦးနှင့် အီဂျစ်နိုင်ငံသား တစ်ဦးတို့ကို အီရတ်ခုခံတိုက်ခိုက်ရေးသမားများက ကြာသပတေးနေ့တွင် ပြန်လွှတ်ပေးလိုက်ကြောင်း တူရကီနိုင်ငံပိုင် အနာတိုလီယန်သတင်းဌာနက ဖော်ပြသည်။

တူရကီနိုင်ငံသား ဘူလင်ယာနစ်သည် ကူဝိတ်နိုင်ငံမှနေ၍ အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များသို့ ထောက်ပို့ပစ္စည်းကို သယ်ဆောင်မောင်းနှင်လာစဉ် ဇွန်လစောစောပိုင်းက အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းခံရခြင်းဖြစ်သည်။ ပြန်လွှတ်မြောက်လာသည့် အီဂျစ်နိုင်ငံသား၏ အမည်မှာ ဗစ်တာတောက်ဗစ်ဖြစ်ကြောင်း အီဂျစ်နိုင်ငံပိုင် မီနာသတင်းဌာနက ဖော်ပြသည်။

အင်တာနက်။

ကန်ပြည်သူများကို သမ္မတဘုရှ် ဝန်ချတောင်းပန်သင့် နယူးယောက်တိုင်းမ်သတင်းစာ တိုက်တွန်းရေးသား

ဝါရှင်တန် ဇွန် ၁၈

အီရတ်နှင့် အယ်လ်ခိုင်ဒါအဖွဲ့တို့ဆက်သွယ်သည့် အထောက်အထားကို စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု စုံစမ်းစစ်ဆေးသူတို့က မတွေ့ရသဖြင့် သမ္မတဘုရှ်အနေဖြင့် အီရတ်ကို လှည့်ဖြားစစ်ဆင်မှုအတွက် အမေရိကန်ပြည်သူများအား ဝန်ချတောင်းပန်သင့်ကြောင်း နယူးယောက်တိုင်းမ်သတင်းစာက တိုက်တွန်းရေးသားလိုက်သည်။

မရိုးသားမှု

နယူးယောက်တိုင်းမ် သတင်းစာ ခေါင်းကြီးပိုင်းက ဆက်လက်ဖော်ပြရာ၌ လွန်ခဲ့သည့်နှစ်က အီရတ်နိုင်ငံအား ကျူးကျော်ရေးအတွက် အမေရိကန်ပြည်သူများ၏ ထောက်ခံမှုကိုရရှိရန် သမ္မတဘုရှ်၏ တိုက်တွန်းမှုများအနက် ဖြောင်အကျဆုံးမရိုးသားမှုမှာ အီရတ်စစ်ပွဲနှင့် နိုင်ငံတကာ အကြမ်းဖက်မှု တိုက်ဖျက်ရေးတို့ကို ဆက်စပ်ခဲ့ခြင်းပင်ဖြစ်ကြောင်း ထည့်သွင်းဖော်ပြသည်။

အိုစမာဘင်လာဒင်၏ အယ်လ်ခိုင်ဒါအဖွဲ့က အမေရိကန်နိုင်ငံကို တိုက်ခိုက်မှုတွင် အီရတ်က အားပေးသည်ဆိုသော ပြောဆိုမှုတွင် ခိုင်လုံသည့် သက်သေခံအထောက်အထားမတွေ့ကြောင်း၊ ထို့ပြင် အီရတ်အစိုးရနှင့် အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရန် ဆယ်သွယ်သည့် လက္ခဏာ တစ်စုံတစ်ရာမျှ မတွေ့ရကြောင်း ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုကိုစုံစမ်းစစ်ဆေးသည့်အဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ကြေညာသည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်များက အီရတ်သမ္မတ ဆက်ဒမ်ဟူစိန် အစိုးရအား ဖယ်ရှားခြင်းမှာ တရားမျှတပါသည်ဆိုသော သမ္မတဘုရှ်၏ ဆင်ခြေကို ထိခိုက်ချေဖျက်လိုက်ကြောင်း၊ ဆက်ဒမ်ဟူစိန်အစိုးရက ပိုင်ဆိုင်ထားသည်ဆိုသည့် လူအစုပြုံလိုက်သေစေနိုင်သည့် လက်နက်များမှာလည်း ယခုတိုင် ရှာမတွေ့ကြောင်းဖြင့် သတင်းစာက ထောက်ပြထားသည်။

အီရတ်ကို တိုက်ခိုက်သည့်အတွက် အိုစမာဘင်လာဒင်အပါအဝင် အယ်လ်ခိုင်ဒါအင်အားစုများ တကယ်ရှိနိုင်သည့် အာဖဂန်နစ္စတန်ကဲ့သို့သော နေရာများမှ အမေရိကန်၏စစ်ရေးနှင့် ထောက်လှမ်းရေး အရင်းအမြစ်များကို အီရတ်သို့ ခွဲပို့နေရသည့်အတွက် အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲမှာ အမှန်ပင် အားနည်းအရှိန်လျော့သွားရကြောင်း သတင်းစာက ဝေဖန်ရေးသားလိုက်သည်။

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် နောက်ပိုင်း အမေရိကန်အစိုးရ၏ လုပ်ဆောင်ချက်များအတွက် သမ္မတဘုရှ်အနေဖြင့် တာဝန်မကင်းကြောင်း စသည်ဖြင့် သတင်းစာက ဝေဖန်ရေးသားလိုက်သည်။ ***အင်တာနက်။***

ဇွန် ၁၇ ရက်က ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသည့် ယာဉ်အတွင်းမှ ဒဏ်ရာရရှိသူကို ထုတ်ယူနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)



ဘဂ္ဂဒက်မြို့ အလယ်ပိုင်းတွင် တိုက်ဂရစ်မြစ် အနည်ကျမှု ၁၀ နှစ်အတွင်း ရေကြောင်းပိတ်ဆို့မှု ဖြစ်နိုင်ဟု သတိပေး

ဘဂ္ဂဒက် ဇွန် ၁၈

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တော်အလယ်ပိုင်းရှိ ဂျာဒီရီယာတံတား အကွေ့နေရာတွင် တိုက်ဂရစ်မြစ် အနည်ကျမှုနှုန်း မြင့်တက်လာမှုကြောင့် လာမည့် ၁၀နှစ်အတွင်း ယင်းမြစ်တွင် ရေကြောင်းပိတ်ဆို့မှုအလားအလာ ရှိနေကြောင်း အီရတ်နိုင်ငံသား ကျွမ်းကျင်သူများက သတိပေးထားကြောင်းဖြင့် အယ်လ်အိုင်တီဘက် သတင်းစာက ဗုဒ္ဓဟူးနေ့က ဖော်ပြလိုက်သည်။

တိုက်ဂရစ်မြစ်ကမ်းပါး ကျယ်ပြန့်လာမှုအပြင် ဂျာဒီရီယာတံတား အကွေ့နေရာတွင် ရေစီးနှေးလာပြီဖြစ်သည်။ ယင်းကြောင့် ရွံ့စေးများ အနည်စုပြုံကျဆင်းလာပြီးယင်းကိစ္စအား လျစ်လျူရှုထားပါက လာမည့် အနာဂတ်ကာလအတွင်းရေကြောင်းပိတ်ဆို့မှုပေါ်ပေါက်နိုင်ဖွယ်ရှိကြောင်း အဆိုပါသတင်းစာက ကျွမ်းကျင်သူများအား ကိုးကား၍ ရေးသားဖော်ပြသည်။

အီရတ်ရေအရင်းအမြစ်ဌာနမှ အထူးကျွမ်းကျင်သူများက ရွံ့စေးအနည်ကျမှုဖယ်ရှားရန် အတွက် အခက်အခဲများစွာကို ရင်ဆိုင်ကြုံတွေ့နေရကြောင်း ဝန်ခံပြောကြားလိုက်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းအနည်ကျရာ အကွေ့သည် ဘဂ္ဂဒက်မြို့တွင် ရှိနေပြီး ယင်းအနည်ကျမှု ပြဿနာအားဖြေရှင်းရန် စက်ယန္တရားများ လိုအပ်လျက်ရှိသောကြောင့်ဖြစ်ကြောင်း ပြောကြားသည်။

အမေရိကန် ဦးဆောင်သည့် တပ်ဖွဲ့များ အီရတ်နိုင်ငံအတွင်း ၂၀၀၃ ခုနှစ်က ကျူးကျော် ဝင်ရောက်ခဲ့ပြီးနောက် မြစ်နှစ်စင်းအပါအဝင် ရေအရင်းအမြစ်ကိစ္စကို သင်တင့်လျောက်ပတ်သည့် အာရုံ စူးစိုက်မှု မရှိခဲ့ဘဲ အခြားဌာနများကိုသာ တိုက်ရိုက် အလေးထားခဲ့ကြောင်း ကျွမ်းကျင်သူများက သတိပေးထားကြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အကျဉ်းသားအမည်ကို ထောင်စာရင်းမသွင်းဘဲထားရန် ရမ်းစဖဲလ် အမိန့်ထုတ်ပြန်ခဲ့ အိုင်စီအာစီ စောင့်ကြည့်လေ့လာမှု မပြုနိုင်ရန် ထိမ်ချန်ခြင်းဖြစ်ဟုဆို

နယူးယောက် ဇွန် ၁၈

အမေရိကန်ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်က အီရတ်အကျဉ်းစခန်းမှ အနည်းဆုံးအားဖြင့် အကျဉ်းသားတစ်ဦးကို အကျဉ်းထောင်စာရင်းတွင် စာရင်းမသွင်းဘဲဖယ်ထားရန် အမိန့်ထုတ်ပြန်ထားကြောင်း နယူးယောက်တိုင်းမ်သတင်းစာက ကြာသပတေးနေ့တွင် ရေးသားဖော်ပြလိုက်သည်။

ဝှက်ထား

အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှု အခြေအနေများကို နိုင်ငံတကာ ကြက်ခြေနီကော်မတီ (အိုင်စီအာစီ)က စောင့်ကြည့်လေ့လာမှုမပြုနိုင်ရန် ကာကွယ်တားဆီးသည့် အနေဖြင့် စစ်ဘက်က လိုလိုချင်ချင် ရှိနေသည်ဟု သင်္ကာမကင်း ဖြစ်နေသော အဆိုပါအကျဉ်းသားကို ထောင်စာရင်းတွင် စာရင်းသွင်းမထားသည့် အခြားအကျဉ်းသားများနှင့်အတူ ဝှက်ထားခဲ့ကြောင်း အမေရိကန်စစ်ဌာနချုပ်နှင့် ထောက်လှမ်းရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များအား ကိုးကား၍ အဆိုပါသတင်းစာက ရေးသားသည်။

အမိန့်ထုတ်

ယခုလတွင် ရာထူးမှ အနားယူသွားခဲ့သည့် ဗဟိုထောက်လှမ်းရေး အေဂျင်စီ (စီအိုင်အေ) ညွှန်ကြားရေးမှူး ဂျော့တင်းနက်၏ မေတ္တာရပ်ခံချက်ဖြင့် ရမ်းစဖဲလ်၏ အမိန့်ကို လွန်ခဲ့သည့် နိုဝင်ဘာလတွင် ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း တိုင်းမ်သတင်းစာက ရေးသားသည်။

အန်ဆာအယ်လ် အစ္စလမ်အဖွဲ့မှ အထက်တန်း အရာရှိ နာမည်ကြီး အကျဉ်းသားကို ဘဂ္ဂဒက် နိုင်ငံတကာလေဆိပ်မှ ဆင်ခြေဖုံးဒေသရှိ ကရောပါး အကျဉ်းစခန်းတွင် ဖမ်းဆီးထိန်းသိမ်းထားခဲ့ခြင်း ဖြစ်သည်။ ယင်းအကျဉ်းသား၏အမည်ကို ဖော်ပြခြင်းမရှိကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အပြစ်ဖို့

အမေရိကန်အစိုးရက အန်ဆာအယ်လ် အစ္စလမ်အဖွဲ့သည် အယ်လ်ခိုင်ဒါ အကြမ်းဖက်ကွန်ရက်နှင့် ဆက်နွယ်မှုရှိသည်ဟု ပြောကြားပြီး အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုအချို့ကို ၎င်းအဖွဲ့က ကျူးကျော်ခဲ့ကြောင်း အပြစ်ဖို့ထားသည်။

အကျဉ်းသားများအား အမည်စာရင်း ဖျောက်ထားမှုကို ခွင့်ပြုခြင်းသည် လိမ်လည် လှည့်ဖြားမှုဖြစ်ပြီး စစ်စည်းကမ်းနှင့် ဆန့်ကျင်ဖီလာဖြစ်ကာ နိုင်ငံတကာဥပဒေအား ချိုးဖောက်မှုဖြစ်ကြောင်း တပ်မတော်အရာရှိတစ်ဦးဖြစ်ပြီး အဘူဂရိပ် အကျဉ်းထောင် နှိပ်စက်မှုဆိုင်ရာအမှုများအား စစ်ဆေးနေသည့် ဗိုလ်ချုပ် တဂူဘာက မတ်လအတွင်းက ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အဖမ်းခံရသည့် ဆွေမျိုးသားချင်းများ ပြန်လည်လွတ်မြောက်လာမည်ကို စောင့်ဆိုင်းနေသော အီရတ်များကို ဇွန် ၁၄ ရက်က ဘဂ္ဂဒက်မြို့ အဘူဂရိပ် အကျဉ်းထောင် ရှေ့တွင် တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

လက်ဘနွန် စားစာခံ ပြန်လည် လွတ်မြောက်

ဘေရွတ် ဇွန် ၁၈

လက်ဘနွန်နိုင်ငံသား ဟာဗစ်ဆမ်မောသည် တစ်လနီးပါး ထိန်းသိမ်းခံထားရပြီးနောက် အီရတ်နိုင်ငံတွင် ပြန်လည်လွတ်မြောက်လာကြောင်း လက်ဘနွန်အစိုးရသတင်းရပ်ကွက်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ဘဂ္ဂဒက်ရှိ လက်ဘနွန်သံတမန်မစ်ရှင်အဖွဲ့က ဆမ်မောသည် ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိပြီး ဘဂ္ဂဒက်မြို့တော်မှ ဂျော်ဒန်နိုင်ငံ မြို့တော်အမ္မန်သို့ သွားရောက်ကြောင်း အတည်ပြုပြောကြားသည်။

အင်္ဂါနေ့က အယ်လ်အာရေဗျ ရုပ်မြင်သံကြားအစီအစဉ်တွင် ဆမ်မာက ၎င်း၏လွတ်မြောက်ရေးအတွက် အသနားခံနေပုံ သတင်းရုပ်ကြီးအား ပြသပြီး အစ္စလမ္မစ် အင်ဂါးတပ်ဖွဲ့ထံမှ ကြေညာချက်တစ်စောင် ရရှိခဲ့ကြောင်း၊ ယင်းကြေညာချက်တွင် ဆမ်မာသည် အမေရိကန်ပြည်ထောင်စုအတွက် သူလျှိုလုပ်သည်ဟု စွပ်စွဲထားသည်ဟု ကြေညာသည်။ လက်ဘနွန်သတင်းဌာနက ဆမ်မာ လွတ်မြောက်ရေးအတွက် ငွေပေးရခြင်းမရှိကြောင်း ပြောကြားသည်။

ပြန်ပေးဆွဲသူများက လွန်ခဲ့သည့် ရက်သတ္တပတ်ရက်အားတွင် အခြားဖမ်းထားသည့် လက်ဘနွန်နိုင်ငံသားနှစ်ဦးကိုလည်း အီရတ်နိုင်ငံတွင် လွှတ်ပေးလိုက်သည်ဟု ဘေရွတ်ရှိ လက်ဘနွန်နိုင်ငံခြားရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ အခြားဓားစာခံတစ်ဦးဖြစ်သူ ဟူစိန်အလီအယ်လ်လန်မှာ အသတ်ခံရပြီး ၎င်း၏အီရတ်နိုင်ငံသား လုပ်ဖော်ကိုင်ဖက်နှစ်ဦးနှင့် လမ်းဘေးတွင် စွန့်ပစ်ထားခံရသည်။

အမ်အင်အေ၊ရိုက်တာ။

ဇွန် ၁၈ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်အနီးတွင် အီရတ်တစ်ဦးကို အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးထားစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဇွန် ၁၇ရက်က အီရတ်နိုင်ငံ ဘာလက်မြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် စိန်ပြောင်းဖြင့် ဆက်လက်ပစ်ခတ်ခံရရာ ၎င်းနေရာအနီးမှ ထွက်ပြေး တိမ်းရှောင်နေကြသည့် အီရတ်များကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဇွန်၁၈ရက်က မြို့တော်ဘဂ္ဂဒက် အနောက်ဘက်ရှိ အဝေးပြေးလမ်းပေါ်တွင် တိုက်ခိုက်ခံရမှုကြောင့် ပျက်စီးနေသော ထရပ်ကားတစ်စီးအနီးတွင် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး လုံခြုံရေးစောင့်ကြပ်နေစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဇွန် ၁၇ရက်က မြို့တော်ဘဂ္ဂဒက်ရှိ တပ်သားသစ်စုဆောင်းရေးရုံး ရှေ့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ဒဏ်ရာရရှိသော အီရတ်တစ်ဦးကို ဆေးရုံ၌ တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အီရတ်မြင်ကွင်း

ဇွန် ၁၇ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ ဆာဒါစီးတီးတွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် ပျက်စီးမှုများကို အီရတ်တို့ ကြည့်ရှုနေစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဇွန်၁၈ရက်က အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက် ရှိ ဆာဒါစီးတီးတွင် အမေရိကန် တပ် ဖွဲ့နှင့် ခုခံတိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ် ပွား ပြီးနောက် အပျက် အ စီး များကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်



ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧရာဝတီတိုင်း ကျောင်းကုန်းမြို့တွင် နိုင်ငံတော်က တည်ဆောက်ပေးထားသည့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို တွေ့ရစဉ်။ *(ဓာတ်ပုံ–ခင်မောင်ဝင်း ကြေးမုံ)*

ရခိုင်ပြည်နယ် အမ်းမြို့နယ်ရှိ ရန်ကုန်–ကျောက်ဖြူ ကားလမ်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် လုံးတော်ပေါက်တံတား ဆောက်လုပ်နေမှုမြင်ကွင်းကို ဤသို့တွေ့ရသည်။ *(ဓာတ်ပုံ–သတင်းစဉ်)*

နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် တည်ဆောက်ဖွင့်လှစ်ခဲ့သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဝမ်ပုံပြည်သူ့ဆေးရုံအဆောက်အအုံကိုတွေ့ရစဉ်။ *(ဓာတ်ပုံ–နယ်စပ်/စည်ပင်)*

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ပဲခူးတိုင်း ပန်းတောင်းမြို့နယ် ချင်းရွာကြီးအနီးတွင် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသည့် ခဝါရေလှောင်တမံကို တွေ့ရစဉ်။ *(ဓာတ်ပုံ–သတင်းစဉ်)*

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

❒ **ရှေ့ဖုံးမှ**

အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်နှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုမြို့ မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ရွှေလင်ပန်းစက်မှုမြို့ မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာ အစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားတို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးလိုက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်နှင့် ကျောင်းသား၊ ကျောင်းသူလေးများ၏ ဉာဏ်ရည်ဉာဏ်သွေး စွမ်းရည်ပြသမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်မှုများကို တာဝန်ရှိသူများအား မှာကြားသည်။

မူလတန်းလွန်ကျောင်း

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

လှိုင်သာယာမြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ရွှေလင်ပန်းစက်မှုမြို့ရှိ အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ အစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်တို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးလိုက်ကြသည်။

ရှင်းလင်းတင်ပြ

အဆိုပါ ကျောင်းဆောင်သစ်များ ဖွင့်ပွဲအခမ်းအနားအစီအစဉ်ကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့ကျော်က ကျောင်းဆောင်သစ်များ ဆောက်လုပ်လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတို့အတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရန် နိုင်ငံတော်အစိုးရက လှိုင်မြစ်ကူးတံတားကြီး သုံးစင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မြောက်ဘက်အစွန်ဆုံးတွင် ရွှေပြည်သာတံတားမှ မြစ်ဝကျွန်းပေါ်ဒေသသို့ သွားလာနိုင်သည့် အနော်ရထာလမ်းမကြီးရှိပြီး ထန်းတပင်မြို့နယ်အတွင်း အနောက်ပိုင်းတက္ကသိုလ်လည်း တည်ရှိကြောင်း၊ ထိုဒေသအတွက် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ယခင်က လှိုင်သာယာမြို့ မြောက်ဘက်ခြမ်း မဖွံ့ဖြိုးခဲ့သည်များကို ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရွှေလင်ပန်းစက်မှုဇုံကိုတည်ဆောက်ရန် ၂၀၀၃ခုနှစ် ပွင့်လင်းရာသီမှစ၍ စီမံဆောင်ရွက်ခဲ့ကြောင်း။

ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ လှိုင်သာယာမြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားတွင် ကျောင်းဆောင်သစ်နှင့် မာတီမီဒီယာ စာသင်ခန်းများအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လမ်းမကြီးလေးခု

လှိုင်သာယာမြို့မှ ရွှေလင်ပန်းစက်မှုမြို့နှင့် ရွှေပြည်သာဘက်သို့ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရန်အတွက် လမ်းမကြီးလေးခု ဖောက်လုပ်ထားကြောင်း၊ အနောက်ဘက်အစွန်ဆုံးတွင် အနော်ရထာလမ်း ဖောက်လုပ်ပြီး ရွှေပြည်သာမြို့မှတစ်ဆင့် မြစ်ဝကျွန်းပေါ်ဒေသသို့ ယာဉ်များ အကျိုးရှိစွာ သွားလာအသုံးပြုနေကြောင်း၊ ဒုတိယလမ်းဖြစ်သည့် ဗိုလ်အောင်ကျော်လမ်းကို ဆက်လက်၍ ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်လျက်ရှိပြီး ရွှေလင်ပန်းချောင်းကူးတံတား ၁၃၅ပေ တည်ဆောက်လျက်ရှိ၍ လာမည့်အောက်တိုဘာလတွင် ယာဉ်များ သွားလာနိုင်မည်ဖြစ်ကြောင်း၊ တတိယလမ်းဖြစ်သည့် ကျန်စစ်သားလမ်းနှင့် ရွှေလင်ပန်းချောင်းကူးတံတားကိုလည်း တည်ဆောက်ပြီးဖြစ်သည့်အတွက် လက်ရှိအသုံးပြုသွားလာလျက်ရှိကြောင်း။

ယခုထပ်မံ၍ တပင်ရွှေထီးလမ်းကို လေးလမ်းသွား ကွန်ကရစ်လမ်းမကြီးအဖြစ် ဆက်စပ်ဖောက်လုပ်လျက်ရှိပြီး လှိုင်သာယာ ချောင်းကူးတံတား ၁၃၈ပေနှင့် ရွှေလင်ပန်းချောင်းကူး တံတား ၂၀၈ ပေတို့ကို မကြာမီက တည်ဆောက်ပြီးစီးပြီဖြစ်၍ ယာဉ်များသွားလာအသုံးပြုနိုင်ပြီဖြစ်ကြောင်း။

ရွှေလင်ပန်းစက်မှုမြို့တွင် စက်ရုံအချို့ စတင်လည်ပတ်လျက်ရှိပြီး အချို့တည်ဆောက်ဆဲဖြစ်ကြောင်း၊ စက်မှုမြို့တွင် ယနေ့ဖွင့်လှစ်သည့် ကျောင်းသုံးကျောင်း၊ မူလတန်းကြိုကျောင်း တစ်ကျောင်းနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်း၊ ဆေးပေးခန်းတစ်ခု၊ ဈေး၊ Cover Market, Open Market နှင့် Shophouse များ၊ ဘတ်စ်ကားမှတ်တိုင်များ တည်ဆောက်ထားပြီးဖြစ်ကြောင်း၊ ကွပ်ကဲစီမံရန်အတွက် စီမံခန့်ခွဲရေးရုံး တည်ဆောက်ပြီးဖြစ်ကြောင်း။

ယခုမိုးရာသီမှာ စက်မှုမြို့သာယာလှပစေရန်အတွက် သစ်ပင်ပန်းပင်များ စိုက်ပျိုးလျက်ရှိကြောင်း၊ လိုအပ်သည့်လမ်းများကိုလည်း နှစ်လမ်းသွားမှ လေးလမ်းသွားအထိ တိုးချဲ့သွားမှာဖြစ်ကြောင်း၊ Indoor Stadium တစ်ခုနှင့် ပြေးလမ်းပါသည့် ဘောလုံးကွင်း တစ်ခုကိုလည်း တည်ဆောက်လျက်ရှိကြောင်း။

စက်မှုမြို့ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာစေရန် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် တန်ဖိုးနည်း လုံးချင်းတိုက်အိမ်များ စမ်းသပ်ဆောက်လုပ်လျက်ရှိကြောင်း။

တည်ဆောက်ပြုပြင်ခဲ့

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌကြီး၏ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်မြို့တွင် ပျက်စီးယိုယွင်းသည့် ကျောင်းများကို ဆောက်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့် ကျောင်း ၂၅ ကျောင်းကို တည်ဆောက်ပြုပြင်ပေးခဲ့ပြီး မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနအနေနှင့်လည်း မြို့သစ်များတွင် အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းစုစုပေါင်း ၄၁ ကျောင်းကို ဆောက်လုပ်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့ကြောင့် ယခုဆောက်လုပ်ပြီးဖြစ်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ဆောက်လုပ်လှူဒါန်းသည့် ကျောင်းနှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောက်လုပ်လှူဒါန်းသည့် ကျောင်းစုစုပေါင်း ၈၆ ကျောင်း ရှိကြောင်း၊ ယနေ့ဖွင့်လှစ်သည့် ကျောင်းများနှင့် မူကြိုကျောင်းများကို စေတနာထားပြီး တတ်နိုင်သမျှ ပုံစံ၊ အရည်အသွေး၊ ပစ္စည်းများ ပြည့်စုံအောင် စီမံဆောင်ရွက်ပေးထားကြောင်း၊ ယခုရောက်ရှိနေသည့် ကျောင်းသည် လက်ရှိအခြေခံပညာ မူလတန်းလွန်ကျောင်း ဖြစ်သော်လည်း နောင်တွင် အလယ်တန်းမှသည် အထက်တန်းကျောင်းအဆင့်ထိ ဖြစ်လာနိုင်သည့်အတွက် Multi Media Room, Language Lab များကို တပ်ဆင်ပေးထားပြီးဖြစ်ကြောင်း။

ယခုကျောင်းများကို တည်ဆောက်ပေးသည့် ဆောက်လုပ်ရေးကုမ္ပဏီများကို အထူးကျေးဇူးတင်ရှိကြောင်း၊ ကျောင်းများအတွက် ငွေလှူဒါန်းကြသည့် အလှူရှင်များကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့ဖွင့်လှစ်သည့် ကျောင်းများ ရေရှည်တည်တံ့ ခိုင်မြဲစေရန်ကျောင်းသား၊ မိဘ၊ ဆရာ၊ ဆရာမများမှ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးကြပါရန် မေတ္တာရပ်ခံပါကြောင်းဖြင့် ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်းက ကျောင်းဆောင်သစ်များ၏ မြေနေရာနှင့် အဆောက်အအုံများနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ လှိုင်သာယာမြို့နယ်ရှိ အခြေခံပညာ မူလတန်းကျောင်းများ၊ မူလတန်းလွန်ကျောင်းနှင့် မူလတန်းကြိုကျောင်းများအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဦးမင်းနိုင်က အမှတ်(၂၀) အမကအတွက် ငွေကျပ်သုံးသိန်း၊ ဦးကျော်နိုင်(Integrated ဆောက်လုပ်ရေး)က ငွေကျပ်နှစ်သိန်း၊ ဒေါ်နန်းအေးမြင့် (နန်းဧကရီဆောက်လုပ်ရေး)က ရွှေလင်ပန်း

လှိုင်သာယာမြို့နယ်ရှိ ပဒေသာပင်မြို့တော် (FMI City)၌ FMI Garden Development Ltd က တာဝန်ယူ တည်ဆောက်ပြီးစီးနေသည့် လုံးချင်းအိမ်ရာများကို တွေ့ရစဉ်။ (သတင်းစဉ်)



လှည့်လည်[...]

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်[...]
လှိုင်သာယာမြို့နယ်ရှိ ပဒေသာပင်မြို့တော[...]
Orchid Garden လုံးချင်းအိမ်ရာမျ[...]
အိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေ[...]

စက်မှုမြို့ မူလတန်းကြိုကျောင်းအတွက် [...]
ဒေါ်စန်းတင်တို့က ရွှေလင်ပန်းစက်မှုမြို[...]
ငွေကျပ်သုံးသိန်း၊ ဦးသန်းလွင် (စတီ[...]
မူလတန်းလွန်ကျောင်းအတွက် ငွေကျပ် [...]
ရွှေသရဖူဆောက်လုပ်ရေး)က အမှတ် ([...]
ငွေကျပ်နှစ်သိန်း၊ ဂရိတ်ဝေါကုမ္ပဏီက [...]
ငွေကျပ်ငါးသိန်း၊ ဦးညွန့်သန်း (NT Grou[...]
ငွေကျပ်နှစ်သိန်း၊ ဦးမြင့်နိုင် (အေးရိပ်မွန်[...]
အတွက် ငွေကျပ်နှစ်သိန်း၊ လှိုင်သာယာ[...]
အမှတ် (၂၀)၊ အမှတ် (၄၇) အမကကျော[...]
ကျောင်းနှင့် ရွှေလင်ပန်း မူလတန်းကြိုကျေ[...]
ဦးတင်သိန်း-ဒေါ်အေးအေးသင်း(AYN[...]
အမှတ်(၄၇) အမကကျောင်းများ၊ အမှ[...]
ရွှေလင်ပန်း မူလတန်းကြိုကျောင်းများအ[...]
ဦးမောင်မောင် (ရွှေကမ္ဘာကုမ္ပဏီ)က အ[...]
ကျောင်းများ၊ အမှတ်(၆) မူလတန်းလွန် ကေ[...]
ကျောင်းများအတွက် ငွေကျပ် ၁၂သိန်း ကို[...]
လက်ခံကြသည်။

ဆက်လက်၍ ကျောင်းအုပ်ကြီးများ [...]
မူလတန်းလွန်ကျောင်း ကျောင်းအုပ်ကြီး [...]
ကော်မတီဥက္ကဋ္ဌ ၏ ဦးဆောင်လမ်းညွှန်[...]
ဦးစီးဌာန၏ စီမံမှုဖြင့် အလှူရှင်များ၏[...]
အမှတ်(၆) အခြေခံပညာမူလတန်းလွန်ကေ[...]
နှင့် ခန်းမတစ်ခုပါဝင်သည့် နှစ်ထပ်ကျော[...]
၁၄၁၅သိန်း၊ အမှတ်(၂၀) အခြေခံပညာ မူ[...]
ခန်းမတစ်ခုပါသည့် နှစ်ထပ်ကျောင်းဆော[...]
၈၀၀နှင့် အမှတ်(၄၇) အခြေခံပညာမူလ[...]
၁၀ခန်းနှင့် ခန်းမတစ်ခုပါသည့် နှစ်[...]

လှည့်လည်ကြည့်ရှု

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ လှိုင်သာယာမြို့နယ်ရှိ ပဒေသာပင်မြို့တော်၌ တည်ဆောက်ပြီးစီးနေသော Orchid Garden လုံးချင်းအိမ်ရာများနှင့် Finger Lake လုံးချင်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စက်မှုမြို့ မူလတန်းကြိုကျောင်းအတွက် ငွေကျပ်သိန်း ၄၀၊ ဦးအောင်သန်း-ဒေါ်စန်းတင်တို့က ရွှေလင်ပန်းစက်မှုမြို့ မူလတန်းကြိုကျောင်းအတွက် ငွေကျပ်သုံးသိန်း၊ ဦးသန်းလွင် (စတီးစတုန်းကုမ္ပဏီ)က အမှတ်(၆) မူလတန်းလွန်ကျောင်းအတွက် ငွေကျပ် ငါးသိန်း၊ ဦးကျော်ဝင်း (မြန်မာ့ရွှေသရဖူဆောက်လုပ်ရေး)က အမှတ် (၆) မူလတန်းလွန်ကျောင်းအတွက် ငွေကျပ်နှစ်သိန်း၊ ဂရိတ်ဝေါကုမ္ပဏီက အမှတ်(၄၇) အမကအတွက် ငွေကျပ်ငါးသိန်း၊ ဦးညွန့်သန်း (NT Group)က အမှတ်(၄၇) အမကအတွက် ငွေကျပ်နှစ်သိန်း၊ ဦးမြင့်နိုင် (အေးရိပ်မွန်ကုမ္ပဏီ)က အမှတ် (၄၇) အမကအတွက် ငွေကျပ်နှစ်သိန်း၊ လှိုင်သာယာစက်မှုမြို့ စီမံခန့်ခွဲမှုကော်မတီက အမှတ် (၂၀)၊ အမှတ် (၄၇) အမကကျောင်းများ၊ အမှတ် (၆) မူလတန်းလွန်ကျောင်းနှင့် ရွှေလင်ပန်း မူလတန်းကြိုကျောင်းများအတွက် ငွေကျပ် ၁၂သိန်း၊ ဦးတင်သိန်း-ဒေါ်အေးအေးသင်း(AYNဆောက်လုပ်ရေး)က အမှတ် (၂၀)၊ အမှတ်(၄၇) အမကကျောင်းများ၊ အမှတ်(၆) မူလတန်းလွန်ကျောင်းနှင့် ရွှေလင်ပန်း မူလတန်းကြိုကျောင်းများအတွက် ငွေကျပ် ခုနစ်သိန်းနှင့် ဦးမောင်မောင် (ရွှေကမ္ဘာကုမ္ပဏီ)က အမှတ်(၂၀)၊ အမှတ်(၄၇) အမကကျောင်းများ၊ အမှတ်(၆) မူလတန်းလွန် ကျောင်းနှင့် ရွှေလင်ပန်း မူလတန်းကြိုကျောင်းများအတွက် ငွေကျပ် ၁၂သိန်း ကိုပေးအပ်လှူဒါန်းကြရာ ဝန်ကြီးများက လက်ခံကြသည်။

ဆက်လက်၍ ကျောင်းအုပ်ကြီးများ ကိုယ်စား အမှတ်(၆) အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းအုပ်ကြီး ဦးဝင်းလှက မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ ၏ ဦးဆောင်လမ်းညွှန်မှုအရ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန၏ စီမံမှုဖြင့် အလှူရှင်များ၏ ငွေကြေးစိုက်ထုတ်မှုတို့ကြောင့် အမှတ်(၆) အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် စာသင်ခန်း ၁၉ခန်းနှင့် ခန်းမတစ်ခုပါဝင်သည့် နှစ်ထပ်ကျောင်းဆောင် လေးဆောင် တန်ဖိုးငွေ ၁၄၁၅သိန်း၊ အမှတ်(၂၀) အခြေခံပညာ မူလတန်းကျောင်းအတွက် စာသင်ခန်း ခန်းမတစ်ခုပါသည့် နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်၊ တန်ဖိုးငွေသိန်း ၈၀၀နှင့် အမှတ်(၄၇) အခြေခံပညာမူလတန်းကျောင်းအတွက် စာသင်ခန်း ၁၀ခန်းနှင့် ခန်းမတစ်ခုပါသည့် နှစ်ထပ်ကျောင်းဆောင် တစ်ဆောင်၊ တန်ဖိုးငွေ သိန်း ၈၀၀ စုစုပေါင်း ၃၀၁၅သိန်း တန်ဖိုးရှိ ကျောင်းဆောင်များကို ဆောက်လုပ်ပြီး ရာသက်ပန်ငွေပဒေသာပင်များကိုလည်း ပေးအပ်လှူဒါန်းခဲ့သည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က အမှာစကားပြောကြားရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနက ဦးစီးဦးဆောင်ပြုပြီး အမျိုးသားပညာရေးအတွက် ကဏ္ဍတစ်ခုဖြစ်သော ကျောင်းဆောင်သစ်များ ဆောက်လုပ်လှူဒါန်းကြခြင်းကြောင့် ဥပမိရုပ်ကောင်းသည့်၊ သစ်လွင်လှပကောင်းမွန်သည့် ကျောင်းဆောင်သစ်များ ယခုလိုပေါ်ထွန်းလာခြင်းသည် အလွန်ပီတိဖြစ်စရာကောင်းပါကြောင်း၊ လှိုင်သာယာစက်မှုဇုန်၏ ဖွံ့ဖြိုးတိုးတက်မှုမှာ အလွန်မြန်ဆန်စွာ ဖွံ့ဖြိုးဖြစ်ပေါ်လျက်ရှိကြောင်း၊ လှိုင်သာယာစက်မှုဇုန် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသကဲ့သို့ ပညာရေးကဏ္ဍတွင်လည်း မူလတန်းကြိုကျောင်းမှ တက္ကသိုလ်အဆင့်အထိ ဖွင့်လှစ်ပေးထားပြီးဖြစ်၍ ပညာရေးမြို့တော် (Education City)ဟုပင် တင်စားခေါ်ဆိုနိုင်ပါကြောင်း။



စီးပွားကူးသန်း ရှေ့သို့လှမ်း

ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းများ အပြည့်အဝရရှိကြကြောင်း၊ နိုင်ငံတော်က အနာဂတ်တွင် အလွန်ခိုင်မာသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးနှင့် ပညာရည်မြင့်မားပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်လျက်ရှိကြောင်း။

ထိုကဲ့သို့ နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်များအောင်မြင်ရန် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် စေတနာရှင်ပြည်သူများ၏ ယခုကဲ့သို့ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်မှုတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

စာသင်ခန်းများစစ်ဆေး

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မာတီမီဒီယာစာသင်ခန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် အမှတ်(၄၇) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

လှိုင်သာယာမြို့နယ် အမှတ် (၄၇) အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ရွှေလင်ပန်းစက်မှုမြို့ရှိ အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ အစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်တို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးလိုက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်နှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ်ရှိ တပင်ရွှေထီးလမ်းကို လေးလမ်းသွား ကွန်ကရစ်လမ်းမကြီးအဖြစ် ဖောက်လုပ်ပြီးစီးမှုနှင့် ၁၃၈ ပေရှိ လှိုင်သာယာ ချောင်ကူးတံတားနှင့် ၂၀၈ပေရှိ ရွှေလင်ပန်း ချောင်းကူးတံတား တည်ဆောက်ပြီးစီးမှုတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပဒေသာပင်မြို့တော် (FMI City) ၌ FMI Garden Development Ltd က တာဝန်ယူတည်ဆောက်ပြီးစီးနေသည့် Orchid Garden လုံးချင်းအိမ်ရာများနှင့် Finger Lake လုံးချင်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပဒေသာပင်မြို့တော် (FMI City)မှ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုမြို့ မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဂျာမနီနှင့် လတ်ဗီးယား ဂိုးမရှိ သရေကျ

ရန်ကုန် ဇွန် ၁၉

ယူရို-၂၀၀၄ ဘောလုံးပြိုင်ပွဲ အုပ်စု (ဃ)ပွဲစဉ်အဖြစ် ဂျာမနီနှင့် လတ်ဗီးယားတို့ ယနေ့ည ၁၀နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ကြရာ ဂိုးမရှိ သရေကျသွားသည်။ ဂျာမနီက နှစ်ပွဲသရေ နှစ်မှတ်၊ လတ်ဗီးယားက တစ်ပွဲသရေ၊ တစ်ပွဲရှုံး တစ်မှတ်သာရထားသည်။

အုပ်စုနောက်ဆုံးပွဲအဖြစ်ဇွန်၂၄ရက်တွင် ဂျာမနီနှင့်ချက်၊ နယ်သာလန် (ဟော်လန်)နှင့် လတ်ဗီးယားတို့ ကစား ကြမည်။

၂၁-၆-၂၀၀၄

နံနက် ဝ၁း၁၅နာရီ

စပိန်နှင့် ပေါ်တူဂီ

ရုရှားနှင့်ဂရိ

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၆-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇း၀၀** ၁။ မြဝတီအဖွင့်
- **၇း၀၅** ၂။ အဖွင့်သီချင်း
- **၇း၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇း၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇း၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇း၄၀** ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈း၀၀** ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈း၁၀** ၈။ **ဆရာတော်ဦးဃောသိတတရားတော် "သက္ကပညာသုတ်"**
- **၉း၁၀** ၉။ အပိတ်နှုတ်ဆက်စကား
- **၉း၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄း၀၀** ၁။ မြဝတီအဖွင့်
- **၄း၀၅** ၂။ အဖွင့်သီချင်း
- **၄း၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄း၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၄း၃၀** ၅။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) မြန်မာစာ(ဝိဇ္ဇာ၊ သိပ္ပံ၊ စီးပွားရေးအထူးပြု) (ခ) သူတော်ကောင်းတရားလေးပါး**
- **၅း၀၀** ၆။ အမေးကမ္ဘာတွေးစရာ
- **၆း၀၀** ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆း၁၀** ၈။ နိုင်ငံတကာသတင်း
- **၆း၂၀** ၉။ မိုးလေဝသသတင်း
- **၆း၂၅** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆း၃၀** ၁၁။ မြန်မာ့ရှုခင်း
- **၆း၄၀** ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇း၀၀** ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း လက်ကိုင်အိတ်ဒီဇိုင်းအဆန်းနဲ့ အရမ်းကိုလှ (အပိုင်း-၁၄)**
- **၈း၀၀** ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၁၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၁၈။ ယနေ့ညအတွက်တေးလက်ဆောင်
- ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အမှန်တရားဘက်ကလှုပ်ရှားစားသမား (အပိုင်း-၁၂)**
- ၂၀။ သင့်အတွက်မနက်ဖြန်
- ၂၁။ အပိတ်နှုတ်ဆက်စကား
- ၂၂။ ပြီးပါပြီ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပဲခူးတိုင်းအတွင်း မိုးစပါးကေ တိုးချဲ့စိုက်ပျိုးရေးဆွေးနွေး၊ လယ်ယာမြေဖော်ထုတ်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၉

ပဲခူးတိုင်း(အနောက်) ပြည်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဇွန် ၁၅ရက် နံနက် ၇ နာရီတွင် ပြည်မြို့ ခေတ္တရာရိပ်သာ၌ ပဲခူးတိုင်းအတွင်း မိုးစပါးစိုက်ကေ တိုးချဲ့စိုက်ပျိုးရေးနှင့် လယ်ယာမြေ ဖော်ထုတ်ရေးလုပ်ငန်းတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

တွေ့ဆုံ

ထိုသို့ တွေ့ဆုံရာတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်း၊ ပြည်တပ်နယ်မှ ဗိုလ်မှူးကြီးခင်ဇော်ဦး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှအထွေထွေမန်နေဂျာဒေါက်တာမင်းအောင်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်း

ရှေးဦးစွာ ပဲခူးတိုင်း မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးချစ်ဆွေက ပဲခူးတိုင်း(အနောက်)၌ လက်ရှိမြေယာအသုံးချမှု၊ ပလပ်မြေနှင့် တောရိုင်းမြေ၌ စိုက်ကေတိုးချဲ့ ဖော်ထုတ်မှု၊ ၂၀၀၄-၂၀၀၅ မှ ၂၀၀၆-၂၀၀၇ အထိ သုံးနှစ်အတွင်း မိုးစပါးစိုက်ကေ ၃သိန်းတိုးချဲ့ စိုက်ပျိုးရန် လျာထားချက်နှင့်အညီ နှစ်အလိုက် မြေယာအသုံးချမှု အစီအစဉ်များနှင့် ယခုနှစ်အတွက် မိုးစပါးကေ တစ်သိန်း တိုးချဲ့စိုက်ပျိုးရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တိုးချဲ့စိုက်ပျိုး

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းက ၂၀၀၄-၂၀၀၅ မှ ၂၀၀၆-၂၀၀၇ ခုနှစ်အထိ သုံးနှစ်တာကာလအတွင်း မိုးစပါးကေ သုံးသိန်း တိုးချဲ့စိုက်ပျိုးရေးနှင့်ပတ်သက်၍ ရေသွင်းရေနုတ်မြောင်း တူးဖော်ခြင်း၊ တာပတ်ခြင်း၊ ချောင်းမြောင်းပိတ်၍ ရေလွှဲဆည် တည်ဆောက်ခြင်း နည်းတို့ဖြင့် ရေကြီးကွင်းဧရိယာ၌ နှစ်အလိုက်ဆောင်ရွက်မည့် အစီအစဉ်၊ ကန်သင်းဖော်ခြင်း၊ ကုန်းမြင့်လယ်ယာဖော်ထုတ်ခြင်း၊မြေယာပြုပြင်ခြင်းနည်းတို့ဖြင့် မိုးကောင်းသောက်ဧရိယာ၌နှစ်အလိုက်ဆောင်ရွက်မည့်အစီအစဉ်၊ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့၌ သီးနှံ ပြောင်းလဲစိုက်ပျိုးခြင်းနည်းလမ်း၊ ပလပ်မြေဖော်ထုတ်သည့်နည်းလမ်း၊ ဆောင်းတစ်သီးစိုက်များကို မိုးစပါးစိုက်နိုင်ရန် ဆောင်ရွက်သည့်နည်းလမ်း၊ မြေယာအသစ်များ ဖော်ထုတ်စိုက်ပျိုးသည့်နည်းလမ်းစသည့် နည်းလမ်းလေးသွယ်ဖြင့် မိုးကောင်းသောက်ဧရိယာ ၈၀၅၀၇ ဧက ဖော်ထုတ်ပြီးစီးမှု အခြေအနေ၊ ရေသွင်းမြောင်း တူးဖော်ခြင်း၊ ရေနုတ်မြောင်း တူးဖော်ခြင်း၊ တာပတ်ခြင်း စသည်တို့ဆောင်ရွက်၍ ရေကြီးကွင်း ရေနက်ကွင်း ဧရိယာ ၁၇၀၆၅ ဧကကို ရေတော် မိုးတော် ဖြစ်အောင် ဆောင်ရွက်ပြီးစီးမှု စုစုပေါင်း မိုးစပါးစိုက်ဧက ၉၇၅၇၂ ဧက၊ ရာခိုင်နှုန်းအားဖြင့် ၉၀ ဒသမ ၇၃ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု၊ မြို့နယ်အလိုက် ဆောင်ရွက်သည့် မိုးစပါးဧရိယာ ဖော်ထုတ်မှုလုပ်ငန်းများဆိုင်ရာ အချက်အလက်များ၊ နိုင်ငံတော်၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့်ဆင့်မှ ပံ့ပိုးဆောင်ရွက်မှုတို့ကို ရုပ်ပုံကားချပ်များနှင့်တကွ အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စက်မှုလယ်ယာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးခွန်အေးနိုင်က ပဲခူးတိုင်းအတွင်း မိုးစပါးကေ တိုးချဲ့စိုက်ပျိုးရာတွင် စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်၊ စက်မှုလယ်ယာဦးစီးဌာနက မိုးစပါးစိုက်ပျိုး စပါးကေ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် တာဝန်ရှိသူများအားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း စသည်ဖြင့် အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရေနုတ်မြောင်းတူးဖော်မှုကြောင့် မိုးစပါးကေ ၃၀၀ အသစ်ဖော်ထုတ်နိုင်ကာ အနီးဝန်းကျင် ကျေးရွာရှိ တောင်သူ ၃၂ ဦးအတွက် အလုပ်အကိုင်သစ်များ ရရှိသည့်အပြင် အရှေ့လက်ခုပ်ပင်ကျေးရွာ၊ တွင်းပြည်းကျေးရွာ၊ မုဒ္ဒောကျေးရွာနှင့် မှော်ဇာကျေးရွာများမှ အခြေအနေ၊ အကျိုးပြုဧကများ ဖော်ထုတ်နိုင်မှုအခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ မိုးစပါးစိုက်ဧကများ တိုးချဲ့နိုင်ပြီဖြစ်၍ အထွက်တိုးရေးအတွက် ကြိုးပမ်းစိုက်ပျိုးကြရန်ဆွေးနွေးမှာကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပြည်မြို့နယ် ပေါင်းတမော့ကျေးရွာအုပ်စုရှိ စံပြကွက်စိုက်ကွင်းတွင် စပါးရိတ်သိမ်းခြွေလှေ့သည့် ပညာပေးသရုပ်ပြပွဲကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရေးတွင် ပံ့ပိုးဆောင်ရွက်နိုင်မည့် စက်ယန္တရားများ အခြေအနေ၊ ကြိုတင်ပြင်ဆင်မှုလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပဲခူးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးစန်းမောင်က မိုးစပါးပန်းတိုင်အထွက်တိုးရေးအတွက် ဆောင်ရွက်ထားမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

မိုးစပါး

ဆက်လက်၍ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ပဲခူးတိုင်းအတွင်း မိုးစပါးကေတိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်ထားရှိမှုများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

လျာထားချက်ကျော်လွန်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပဲခူးတိုင်းအနေဖြင့် ၂၀၀၃-၂၀၀၄ ခုနှစ်တွင် လျာထားချက် ကျော်လွန်၍ စပါးကေ ၂၄သိန်းကျော်စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါးကိုနှစ်သိန်းခြောက်သောင်းကျော် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခု ၂၀၀၄-၂၀၀၅ခုနှစ်တွင် ပဲခူးတိုင်း(အနောက်)က မိုးစပါးကေ တစ်သိန်း တိုးချဲ့စိုက်ပျိုးရန် သတ်မှတ်ထားရာ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ကွင်းဆင်းပြီး လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိုးစပါးကို စောစောစိုက်၊ စောစောရိတ်ပြီး ဆောင်းသီးနှံ၊ နွေစပါးဖြင် တစ်နှစ်သုံးသီးစိုက်ပျိုးရန် ဖြစ်ကြောင်း၊ ပဲခူးတိုင်းအတွင်း မိုး

မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး ပြည်ခရိုင် ပြည်မြို့နယ် မှော်ဇာကျေးရွာအုပ်စုရှိ လော့သော့ချောင်း ရေနုတ်မြောင်း တူးဖော်နေမှုလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ဖြည့်ဆည်း

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းအား ပြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေက လော့သော့ချောင်း ရေနုတ်မြောင်း တူးဖော်ဆောင်ရွက်မှုကြောင့် ထွက်ပေါ်လာမည့် အကျိုးပြုဧရိယာ အခြေအနေ၊ အနီးဝန်းကျင်ရှိ ကျေးရွာအုပ်စုများမှ တောင်သူများ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာမှု အခြေအနေများကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး နိုင်ငံတော်က တောင်သူများ အကျိုးကို ဆောင်ရွက်ပေးသကဲ့သို့ တောင်သူများအနေဖြင့်လည်း နိုင်ငံတော်က ချမှတ်ပေးသည့်အစီအမံများအတိုင်း လိုက်နာဆောင်ရွက်ရေးနှင့် ပန်းတိုင်အထွက်တိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

အထောက်အကူပြု

အဆိုပါ လော့သော့ချောင်း ရေနုတ်မြောင်းမှာအရှည် ၃၂၅၀၀ ပေ ရှိပြီး ကျေးလက်နေပြည်သူ အိမ်ထောင်စု ၁၅၀ခန့်အတွက် လယ်ဧက ၇၄၂ ဧက ရေတော်မိုးတော် ဖြစ်ပေါ်လာသည့်အတွက် ဒေသခံကျေးလက်ပြည်သူများ၏ စီးပွားရေးကိုများစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ပညာပေးသရုပ်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး ပြည်မြို့နယ် ပေါင်းတမော့ကျေးရွာအုပ်စုရှိ တောင်သူပိုင်ဆင်းသွယ်လတ်မျိုးသန့်စံပြကွက် ဧက ၁၀၀ စိုက်ကွင်းသို့ရောက်ရှိကြသည်။အဆိုပါ စိုက်ကွင်း၌ စိုက်ပျိုးထားသည့် ဆင်းသွယ်လတ်မျိုးနွေစပါးများကို စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းစက်ဖြင့် ရိတ်သိမ်း၍ လှည်းဖြင့် ရွှေ့ပြောင်းသယ်ယူနိုင်သည့်ခြွေလှေ့စက်ဖြင့် စပါးခြွေလှေ့သည့် ပညာပေးသရုပ်ပြပွဲကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဖော်ထုတ်နိုင်

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်နှင့် သာယာဝတီမြို့နယ်ကြားရှိ ဖိုးကတိုး တာပတ်ခြင်းလုပ်ငန်းဖြစ်သည့် တာပေါင်မြှင့်ခြင်း၊ တာပြုပြင်ခြင်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးရာ ခရိုင် ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် တာဝန်ရှိသူများက ဖိုးကတိုး တာပတ်ခြင်း လုပ်ငန်းဆောင်ရွက်မှု

ဘက်စုံစိုက်ပျိုးမွေးမြူ

အဆိုပါ ဖိုးကတိုးတာပတ်ခြင်းလုပ်ငန်းမှာ အရှည်ရှစ်မိုင်ရှိပြီး အပေါက်ခုနစ်ပေါက်ပါ ရေတံခါးတစ်ခု ပါရှိသည်။ ဖိုးကတိုးတာပတ်ခြင်းလုပ်ငန်းကြောင့် ဘီးလင်းကျေးရွာအုပ်စုရှိ သဒ္ဒေကုန်း၊ ဖိုးကတိုး၊ ငဖြူချောင်း၊ ရေပုံ၊ ဆင်ကူးရွာသစ်ရှိ တောင်သူများမှာ ယခင်က ရေကျမှသာ စိုက်ပျိုးနိုင်သည့် အခြေအနေမှ ယခုရေကြီးမှု မရှိတော့သဖြင့် ရေတော် မိုးတော် မိုးစပါးစိုက်ဧက ၂၇၀၀ စိုက်ပျိုးနိုင်မည် ဖြစ်ပြီး သီးထပ်ပါ စိုက်ပျိုးနိုင်တော့မည်ဖြစ်၍ ဒေသနေ ကျေးလက်ပြည်သူများ၏ စီးပွားရေးကို များစွာအထောက် အကူပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်၌ မြန်နိုင်မြင့် ကုမ္ပဏီလီမိတက်က ဆောင်ရွက်နေသည့် ဘက်စုံစိုက်ပျိုးမွေးမြူရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ထိထိရောက်ရောက်

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းအား ရှင်းလင်းဆောင်၌ စီမံကိန်းဒါရိုက်တာ ဦးသက်ဇော်က မြန်နိုင်မြင့်ကုမ္ပဏီလီမိတက်၏ နှစ်အလိုက် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်မှု၊ မြေယာဖော်ထုတ်ခြင်း လုပ်ငန်းဆောင်ရွက်မှု၊ ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက မိုးစပါးနှင့် ဆောင်းသီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးရန်နှင့်ထိထိရောက်ရောက် အကျိုးရှိအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မြန်နိုင်မြင့် ကုမ္ပဏီလီမိတက်အနေဖြင့် ယခု ၂၀၀၄-၂၀၀၅ခုနှစ် အတွင်း ၁၅၄၄ ဧက၌ လျာထားချက်နှင့်အညီ မိုးစပါး တိုးချဲ့စိုက်ပျိုးပြီး ဖြစ်ကြောင်း သိရသည်။

ပညာပေးစခန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာကြရာ လက်ပံတန်းမြို့နယ် ချမ်းသာကုန်း တောင်သူပညာပေးစခန်းသို့ ရောက်ရှိပြီး တောင်သူများကိုယ်တိုင် နှစ်စဉ် စပါးမျိုးသန့် ရရှိရေး၊ မွေးမြူစိုက်ပျိုးခြင်း နည်းပညာ၊ ခေတ်သစ်ပျိုးထောင် စိုက်စနစ် နည်းပညာနှင့် စပါးတိုက်ရိုက်အစေ့ချ စိုက်ပျိုးခြင်း ပညာပေး သရုပ်ပြပွဲကို ကြည့်ရှုအားပေးကြသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စိုက်ကွင်းအတွင်း လှည့်လည်ပြီး တောင်သူကိုယ်တိုင် တစ်ပိုင်တစ်နိုင် စပါးမျိုးသန့် မွေးမြူစိုက်ပျိုးမှု ဖြစ်စဉ်အဆင့်ဆင့် သရုပ်ပြမှု၊ ခေတ်သစ်ပျိုးထောင် စိုက်စနစ်ဖြင့် မြေပြင်၍ သစ်သားပျိုးပေါင်ဖြင့် စိုက်ပျိုးခြင်း နည်းပညာ သရုပ်ပြမှု၊ ကြိုးတန်း၍ စပါးတိုက်ရိုက်အစေ့ချ ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ မိုးစပါး အထွက်နှုန်းတိုးတက်ရေးအတွက်ကြိုးပမ်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာညနေပိုင်းတွင်ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

✧ သာခုပရိယတ္တိစာသင်တိုက်မှ

ပါရာဇိကဏ်ကျမ်း၌ ပထမဂုဏ်ထူး၊ သီလက္ခန်ကျမ်း၌ တတိယဂုဏ်ထူးနှင့် ဓမ္မသင်္ဂဏီကျမ်း၌ ဒုသမဆုရ ပဲခူးမြို့ စိန်ပန်းဓမ္မရိပ်သာ စာသင်တိုက်မှ ဦးဝိလာသနှင့် ဓမ္မာစရိယတန်း ဓမ္မသင်္ဂဏီကျမ်း၌ တတိယဂုဏ်ထူး၊ ပါရာဇိကဏ်ကျမ်း၌ ဆဋ္ဌမဆုနှင့် သီလက္ခန်ကျမ်း၌ ဒုသမဆုရ ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက်မှ ဦးနန္ဒသာမိ တို့အား "ရွှေညဝါ သာသနပါလဓမ္မာစရိယ" ဘွဲ့တံဆိပ်တော်ကို အပ်နှင်းသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ သင်တန်းတာဝန်ခံ အကျိုးတော်ဆောင်ချုပ် ဘဒ္ဒန္တ ပညာသီဟက နွေရာသီ ဓမ္မာစရိယနှင့် အဘိဓမ္မာရွှေညဝါ ဆရာဖြစ်သင်တန်း ဓမ္မာစရိယတန်း ပါရာဇိကဏ်ကျမ်း၌ ပထမဆုရ ဦးဝိလာသ၊ ဒုတိယဆုရ မတိက္ခစာရီနှင့် တတိယဆုရ ဦးကောသလ္လတို့အားလည်းကောင်း၊ ဓမ္မာစရိယတန်း ဓမ္မသင်္ဂဏီကျမ်း၌ ပထမဆုရ ဦးပညာသာရ၊ ဒုတိယဆုရ မစရိတဉာဏီနှင့် တတိယဆုရ ဦးနန္ဒသာမိတို့အားလည်းကောင်း၊ ဓမ္မာစရိယတန်း သီလက္ခန်ကျမ်း၌ ပထမဆုရ ဦးစန္ဒိမာ၊ ဒုတိယဆုရ မခေမာစာရီနှင့် တတိယဆုရ ဦးဝိလာသတို့အား လည်းကောင်း၊ ပထမကြီးတန်း ဘာသာစုံ ပထမဆုရ ဒေါက်တာသန်းသန်းဦး၊ ဘာသာစုံ ဒုတိယဆုရ ဦးပညာဝံသနှင့် ဘာသာစုံ တတိယဆုရ ရှင်ဩဘာသတို့အားလည်းကောင်း၊ ပထမကြီးတန်း ပဋ္ဌာန်းကျမ်း၌ ပထမဆုရ ရှင်ဩဘာသ၊ ဒုတိယဆုရ ရှင်ထေရနန္ဒနှင့် တတိယဆုရ ဦးတေဇနိယတို့အား လည်းကောင်း၊ ပထမကြီးတန်းယမိုက်ကျမ်း၌ ပထမဆုရ ဒေါက်တာသန်းသန်းဦး၊ ဒုတိယဆုရ ဦးတေဇဉာဏနှင့် တတိယဆုရ ဦးဉာဏိန္ဒတို့အားလည်းကောင်း၊ ပထမလတ်တန်း ဘာသာစုံ ပထမဆုရ ရှင်နန္ဒ၊ ဘာသာစုံ ဒုတိယဆုရ မတုလဝတီနှင့် ဘာသာစုံ တတိယဆုရ ဦးဝံသပါလတို့အား လည်းကောင်း၊ ပထမလတ်တန်း ယမိုက်ကျမ်း၌ ပထမဆုရ ရှင်နန္ဒ၊ ဒုတိယဆုရ ဦးပညာနန္ဒနှင့် တတိယဆုရ ရှင်ကုမာရတို့အား လည်းကောင်း၊ ပထမလတ်တန်း ဓာတုကထာကျမ်း၌ ပထမဆုရ ရှင်ဝံသပါလ၊ ဒုတိယဆုရ ရှင်သုမနနှင့် တတိယဆုရ ဦးပဏ္ဍိတတို့အား လည်းကောင်း အောင်လက်မှတ်နှင့်ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ တတိယအကြိမ် နွေရာသီ ဓမ္မာစရိယနှင့် အဘိဓမ္မာရွှေညဝါဆရာဖြစ် သင်တန်းအတွက် ဦးအာဝါး-ဒေါ်စန်းစန်းမော် မိသားစုက ငွေကျပ်သိန်း ၂၀၊ ကွမ်းရွံတန်းလမ်း (အရှေ့) ဆွမ်းလောင်းအသင်း မိသားစုက ငွေကျပ် ၁၂သိန်း၊ ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ဈေးသူ၊ ဈေးသားမိသားစုက ငွေကျပ်၁၀သိန်း၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်က ငွေကျပ် ၁၀သိန်း၊ ကမာရွတ်မြို့နယ် အမှတ်(၅)ရပ်ကွက် အောင်သုခလမ်း ဓမ္မာရုံဆွမ်းလောင်းအသင်း မိသားစုက ငွေကျပ် ၈၅၀၀၀၀၊ ရုံးကြီးလမ်း၊ တန်ဆောင်းကြီးလမ်း၊ သိမ်ကြီးလမ်းနှင့် ကျောင်းကြီးလမ်း ဓမ္မာရုံဆွမ်းလောင်းအသင်း မိသားစုတို့က ငွေကျပ်ရှစ်သိန်း၊ ဦးမြမောင်-ဒေါ်စိန်စိန်မြင့် (မြနှင့်စိန် ကုမ္ပဏီလီမိတက်) မိသားစုက ငွေကျပ်ရှစ်သိန်း၊ ဦးဝင်းတင်-ဒေါ်ပု မိသားစုက ငွေကျပ် ၅၁၀၀၀၀၊ ဦးသန်းဝင်း-ဒေါ်ဟံသာအေး မိသားစု၊ ကိုအောင်နိုင်-မအေးစန္ဒာမိသားစု၊ စကားဝါပင်လမ်း(အောက်) လမ်းသူ၊ လမ်းသားမိသားစု၊ ဥယျာဉ်လမ်း(အောက်) မိသားစုနှင့် ကွမ်းရွံတန်းလမ်း (အနောက်) ဆွမ်းလောင်းအသင်း မိသားစုတို့က ငွေကျပ် ငါးသိန်းစီ၊ သီဟသုဓမ္မသီဂီ ဒေါ်သန်းသန်းရီ မိသားစုက ငွေကျပ် လေးသိန်း၊ ဦးနိုင်ဦး-ဒေါ်အေးအေးစန်း မိသားစု၊ ကြည့်မြင်တိုင်မြို့နယ် ဘော်ဂါရပ် ဗိုလ်ဥတ္တမလမ်း ဆွမ်းလောင်းအသင်း မိသားစု၊ ဦးနေဝင်းအောင်-ဒေါ်အေးအေးအောင် မိသားစု၊ ဦးကျော်မျိုးဝင်း-မထက်ထက်မော် မိသားစုနှင့် နိဗ္ဗာန်လမ်း(အထက်ပိုင်း) ဆွမ်းလောင်းအသင်း မိသားစုတို့က ငွေကျပ် ၃၅၀၀၀၀စီ၊ ကိုနေဝင်း-မစန္ဒာမိသားစု၊ ကြည့်မြင်တိုင်မြို့နယ် ရတနာပုံလမ်း(အောက်) ဆွမ်းလောင်းအသင်း မိသားစု၊ ဦးရွှေလှ-ဒေါ်အေးမြင့် မိသားစု၊ ကြည့်မြင်တိုင်မြို့နယ် ဦးဖိုးထူးလမ်း ဆွမ်းလောင်းအသင်း မိသားစုနှင့် ဦးကြည်လေး-ဒေါ်ရီရီညွန့် မိသားစုတို့က ငွေကျပ်သုံးသိန်းစီ၊ ဦးမျိုးညွန့်-ဒေါ်ငွေရီမိသားစုက ငွေကျပ်၂၅၀၀၀၀၊ ဦးအောင်သန်းစိန်-ဒေါ်အေးမြင့်သန်း မိသားစုက ငွေကျပ် ၂၁၀၀၀၀၊ ဦးတင်စိန်-ဒေါ်ချောစု မိသားစုက ငွေကျပ် ၂၀၅၀၀၀ လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများနှင့် ရန်ကုန်မြို့တော်ဝန်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြပြီး အခမ်းအနားကို ခေတ္တရပ်နားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နွေရာသီ ဓမ္မာစရိယနှင့် အဘိဓမ္မာ ရွှေညဝါဆရာဖြစ် သင်တန်း၏ စာချစာသင် သံဃာတော်များအား သွားရောက်ကြည့်ရှုသည်။

ဝမ်းမြောက်စကားပြောကြား

ယင်းနောက် အခမ်းအနားအစီအစဉ်ကို ဆက်လက်ကျင်းပရာ သင်တန်းတာဝန်ခံ အကျိုးတော်ဆောင်ချုပ် ဓမ္မာစရိယဂဏဝါစက ဓမ္မကထိက ဘဒ္ဒန္တပညာသီဟက သမ္မောဒနီယောပကာရကထာ ကျေးဇူးတင် ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့-အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒ(သထုံဆရာတော်)က အနုမောဒနာတရား မြွက်ကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ပေးအပ်လှူဒါန်း

သာခုပရိယတ္တိစာသင်တိုက်ကြီး၏ တတိယအကြိမ် နွေရာသီ ဓမ္မာစရိယနှင့် အဘိဓမ္မာရွှေညဝါ ဆရာဖြစ်သင်တန်း သင်တန်းသားများအတွက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က စာအုပ်ဒါဇင် ၁၅၉၀နှင့် ခဲတံဒါဇင် ၈၀၀ ကြိုတင်ပေးပို့လှူဒါန်းပြီးကြောင်း သိရသည်။

အဆိုပါ နွေရာသီ ဓမ္မာစရိယနှင့် အဘိဓမ္မာရွှေညဝါ ဆရာဖြစ် သင်တန်းကို ၂၀၀၄ခုနှစ် ဧပြီ ၂၂ရက်မှ ဇွန် ၁၉ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ဓမ္မာစရိယသင်တန်း၊ ပထမကြီးသင်တန်း၊ ပထမလတ်သင်တန်းများသို့ သင်တန်းသား သံဃာတော်၊ သာမဏေ၊ သီလရှင်နှင့် လူပုဂ္ဂိုလ် ၁၅၀၀ တက်ရောက်ခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မွန်ပြည်နယ် ကျိုက္ခမီမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း သံဖြူဇရပ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေးမှာကြား

ရန်ကုန် ဇွန် ၁၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသိန်းလင်း၊ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၆ရက် မွန်းလွဲပိုင်းက သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

မှာကြားဖြည့်ဆည်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အဆိုပါ ရုံးခန်းမ၌ သံဖြူဇရပ်မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ဒေသဝမ်းစာဖူလုံရေးအတွက် နွေစပါးနှင့် မိုးစပါးကို တိုးချဲ့စိုက်ပျိုးရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ ပူးပေါင်း၍ နှစ်တိုရည်မှန်းချက်ထားပြီး မြို့နယ်အတွင်း ဖူလုံပြည့်ဝအောင် အစွမ်းကုန် ဆောင်ရွက်ရေး၊ စက်မှုကုန်ကြမ်းဖြစ်သည့် ရော်ဘာကိုလည်း ပိုမိုစိုက်ပျိုးထုတ်လုပ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်းကောင်း၊ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုလည်းကောင်း အကျယ်တဝင့် ရှင်းလင်းမှာကြား၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မွန်းလွဲ ၂နာရီတွင် ကျိုက္ခမီမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ကျောင်းအတွင်းရှိ Multi Media Class Room များတွင် ကျောင်းသား၊ ကျောင်းသူကလေးများ၏ သင်ကြားနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား ကျောင်း၏ ပညာသင်ကြားရေးဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းမှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကျိုက္ခမီတိုက်နယ် ဆေးရုံသို့ ရောက်ရှိကြရာ တိုက်နယ်ဆေးရုံ ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

ညှိနှိုင်းဖြည့်ဆည်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား လှည့်လည်ကြည့်ရှုအားပေးပြီး ဆေးရုံအတွင်း ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ဆေးရုံခန်းမ၌ တိုက်နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံ၍ ဆေးရုံ အတွင်း၊ အပြင် သန့်ရှင်းသပ်ရပ် သာယာလှပရေး၊ ကျန်းမာရေး ဝန်ထမ်းများအနေဖြင့် ကျန်းမာရေး စောင့်ရှောက်ကုသမှု လုပ်ငန်းများတွင် စေတနာထက်သန်စွာဖြင့် အစဉ်ကြိုးပမ်း ဆောင်ရွက်ရေး၊ ဆေးရုံအဆောက်အအုံများကို ပြုပြင်မွမ်းမံ ထိန်းသိမ်းစောင့်ရှောက်သွားရေးနှင့် ဆေးရုံအတွက် လိုအပ်လျက်ရှိသော ဓာတ်ခွဲခန်းရရှိရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ရှင်းလင်းပြောကြား

သမဝါယမဘဏ်လီမိတက် (အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်)နှင့်စာနယ်ဇင်းများ တွေ့ဆုံခြင်းအခမ်းအနားကို ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ သမဝါယမဘဏ်လီမိတက်(အများနှင့် သက်ဆိုင်သော ဘဏ်ကုမ္ပဏီလီမိတက်) ဒါရိုက်တာအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) အမှုဆောင်အရာရှိချုပ် ဦးခင်မောင်အေးက ရှင်းလင်းပြောကြားစဉ်။ (ကြေးမုံ)

သမဝါယမဘဏ် လီမိတက်နှင့် စာနယ်ဇင်းများနှင့် တွေ့ဆုံပွဲကျင်းပ

ရန်ကုန် ဇွန် ၁၉

သမဝါယမဘဏ်လီမိတက် (CB Bank) အား အခြေခံဘဏ်အဖြစ် ထားရှိလျက် သမဝါယမမြှင့်တင်ရေး ဘဏ်လီမိတက်နှင့် တောင်သူလယ်သမားများ သမဝါယမဘဏ်လီမိတက်တို့က ပူးပေါင်းပြီး ပြည်သူများအတွက် ငွေကြေးဝန်ဆောင်မှု အပြည့်အဝပေးနိုင်မည့် သမဝါယမဘဏ်လီမိတက် (CB Bank)(အများနှင့် သက်ဆိုင်သော ဘဏ်ကုမ္ပဏီလီမိတက်)နှင့် စာနယ်ဇင်းများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကစာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ သမဝါယမဘဏ်လီမိတက် (CB Bank) မှ အမှုဆောင်အရာရှိချုပ် ဦးခင်မောင်အေး၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သမဝါယမဘဏ် လီမိတက် (CB Bank) (အများနှင့် သက်ဆိုင်သော ဘဏ်ကုမ္ပဏီလီမိတက်)၊ ဒါရိုက်တာအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) အမှုဆောင်အရာရှိချုပ် ဦးခင်မောင်အေးနှင့် ဒါရိုက်တာ ဦးကျော်လင်းတို့က အသီးသီး ရှင်းလင်းပြောကြားကြပြီးနောက် တက်ရောက်လာကြသည့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ၏ မေးမြန်းချက်များကို အမှုဆောင်အရာရှိချုပ် ဦးခင်မောင်အေး၊ ဒါရိုက်တာ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားကြပြီး ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

*** အမျိုးသားညီလာခံမှ**

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ဂေါပကအဖွဲ့ဝင် ဦးထွန်းညွန့်က စေတီတော် သမိုင်းကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသား ညီလာခံ ကိုယ်စားလှယ်များက အလှူငွေ ၁၂၃၀၁၅ ကျပ်ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြသည်။

ဆက်လက်၍ အမျိုးသား ညီလာခံ ကိုယ်စားလှယ်များသည် စိန်သာလျှောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရောက်ရှိကြရာ တာဝန်ရှိသူများနှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် စိန်သာလျှောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ဆီမီးများ ကပ်လှူပူဇော်ကြပြီး အလှူငွေကျပ် ၉၂၄၆၀ကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြသည်။

ကမ္ဘောဇသာဒီနန်းတော်

ထို့နောက် အမျိုးသား ညီလာခံ ကိုယ်စားလှယ်များသည် ဘုရင့်နောင် မင်းတရားကြီး၏ ကမ္ဘောဇသာဒီ ရွှေနန်းတော်သို့ ရောက်ရှိကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြတ်ဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် မြေနန်းပြာသာဒ်ဆောင်၌ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား လက်ထောက် ညွှန်ကြားရေးမှူး ဦးမြတ်ဆွေက ကမ္ဘောဇသာဒီ ရွှေနန်းတော် သမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

အမျိုးသားညီလာခံကိုယ်စားလှယ်များ ပဲခူးမြို့ ရွှေသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်လက်၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် မြေနန်းပြာသာဒ်ဆောင်၊ ဘမရာသန ပလ္လင်တော်ဆောင်နှင့် ရှေးဟောင်းသုတေသနပြတိုက်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ရွှေသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရောက်ရှိကြရာ တာဝန်ရှိသူများနှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး အလှူငွေကျပ် ၈၄၀၉၀ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ပဲခူးမြို့ ရွှေသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှ နံနက်၁၀နာရီခွဲတွင် ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

ကြည့်ရှုလေ့လာ

အမျိုးသားညီလာခံကိုယ်စားလှယ်များ ဘုရင့်နောင် မင်းတရားကြီး၏ ကမ္ဘောဇသာဒီ ရွှေနန်းတော်တွင် လှည့်လည်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

အိပ်ရေးပျက်တယ်ဗျာ

* ညောင်နှစ်ပင်
နောင်အစဉ် မြန်မာ့သမိုင်းမှာလ
နှိုင်းချိန်ဆ သရုပ်မှန်နဲ့
ဟုတ်အမှန် လုပ်ကြံတာတစ်ခုမျှမပါဘု
မျက်မြင်ကာ အထင်အရှားပေမို့
ဝင့်ကြွားလို့ သက်သေတည်။

* တက်နေပမာ တရွှေ့ရွှေ့
မဝေ့မဝိုက် စိုက်လိုက်မတ်မတ်နဲ့
ပြတ်ပြတ်ကယ် ထင်ထင်ရှား
မြင့်မြင့်မား တံခွန်ဆောင်လို့
နောင်အရှည် မြန်မာ့အရေးပေမို့
တွေးဆကာ မြော်မြင်လျက်
လက်ကမ်း၍ ကြိုနှင့်ပြီ…
ဒို့တိုင်းပြည် အခွန့်ရှည်ရေး။

* သစ္စာတည်, မေတ္တာရည်နှလုံးအိမ်၌
တိုင်းတည်ငြိမ် ပြည်အေးချမ်းစေဖို့
စည်းကမ်းစနစ်နဲ့အညီ
လှုပ်ရှားသည် ဒို့သွေးချင်းများရယ်က
အတင်း, အဖျင်း, သတင်းအမှားနဲ့
မဟားတရား "သင်းတို့"
ဘယ်သို့ပင် သပ်လျှိုလျှို
"ထို, အနီ, ဤ"သုနက္ခောကဲ့သို့
အပြုသဘော အလျှင်းမပါ
"သင်း"ထပ်ခါ ဆိုလေတိုင်း
သူများလို ကျွန်ပိမရိုင်းချင်ဘု
ပုံခိုင်းကာပြောရန်အချက်ရယ်က
(ကွယ်)ပျက်တဲ့အိပ်ရေး။ ။

ဗလမင်းထင်

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားဖြင့်ဖြသဖျော်ဖြေ

ရန်ကုန် ဇွန် ၁၉

အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံ ကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ် ည ၇နာရီမှစတင်လျက် ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ကြည့်ရှုအပန်းဖြေ

ယမန်နေ့ ညပိုင်းတွင် ဒါရိုက်တာ မီးပွားရိုက်ကူးပြီး သရုပ်ဆောင်ရန်အောင်၊ ရဲအောင်၊ မေသန်းနု၊ စိုးမိုးကြည်တို့ပါဝင်သရုပ်ဆောင်ထားသည့် "မြစ်တို့၏မာယာ" ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀–၆–၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၀	၆။	အတီးပြိုင်ပွဲ
၈း၁၅	၇။	ဆွာချောင်းရေလျှောင်တမံ
၈း၃၀	၈။	International News.
၈း၄၅	၉။	Say it in English.
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀	၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာချစ်ပန်း (အပိုင်း–၂)**
၁၂း၁၅	၅။	သစ်သီးဝလံ ပေါပြည့်ဝေဆာ ဥယျာဉ်ခြံမှာ
၁၂း၃၀	၆။	**မြန်မာရုပ်ရှင် အဖြူရောင်အတ္တ (မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်၊ လှအဥ္ဇလီတင့်) (ဒါရိုက်တာ–အိအိခိုင်)**
၂း၄၅	၇။	International News.
၃း၀၀	၈။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	English for Everyday Use.
၄း၄၅	၄။	သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၅း၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅း၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅း၃၀	၇။	တေးဂီတအစီအစဉ်
၅း၄၅	၈။	ရှမ်းတို့နေထိုင်ရာ တိုင်းရင်းသားကျေးရွာ
၅း၅၀	၉။	ဆိုကြမယ်၊ ပျော်ကြမယ်
၆း၃၀	၁၀။	ညနေခင်းသတင်း
၇း၀၀	၁၁။	မိုးလေဝသအခြေအနေ
၇း၀၅	၁၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ နှင်းပွင့် (အပိုင်း–၂၂)**
၇း၃၀	၁၃။	စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၇း၄၅	၁၄။	ဖွံ့ဖြိုးမှုဝေမနောမြေ (အပိုင်း–၂)
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**မြန်မာဗီဒီယိုဇာတ်လမ်း နှင်းဆီနှုတ်ခမ်း (အပိုင်း–၂) (လူမင်း၊ စိုးမြတ်နန္ဒာ၊ စိုးမိုးကြည်) (ဒါရိုက်တာ–မျိုးထူး)**
၀၁း၁၅	၁၉။	**EURO 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (စပိန်နှင့်ပေါ်တူဂီ)**
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

ရေစီးရေလာကောင်းမွန်ရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် ဇွန် ၁၉

ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးတို့၏ဦးဆောင်မှုဖြင့် စနေနေ့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို ယနေ့နံနက်က မြို့နယ်အတွင်းပြုလုပ်သည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးတင်အုန်း၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးငွေစိုးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုကြပ်မတ်ကြသည်။ မြို့နယ်အတွင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ရန်ကုန်မြစ်ထွက်ပေါက်သို့ ဆက်သွယ်နေသည့် မဟာဗန္ဓုလလမ်းတစ်လျှောက် ဖြတ်မြောင်းမကြီးများ ရေစီးရေလာကောင်းမွန်စေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့် မော်တော်ယာဉ်ဌာနတို့မှ မီးသတ်ကားများအကူအညီဖြင့် ပိတ်ဆို့နေသော အမှိုက်များ၊ နုန်းများကို ရေအားဖြင့် ထိုးထုတ်ကြသည်။(**အပေါ်ယာပုံ**)(၁၉)

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ဇွန် ၁၇ရက် နံနက် ၁၀နာရီက အလက(၁)ဒဂုံ နဝရတ်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဥမ္မာသွင်အား ကျောင်းအုပ်ဆရာမကြီးဒေါ်ဝင်းမြင့်သူက ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။ (က–ပ)

❍ အုပ်စုမှ လွန်မြောက်ဖို့

လျှော့တွက်၍ မရချေ။ သို့ဖြစ်၍ ဘောလုံးဝါသနာရှင် ပရိသတ်များ အနေဖြင့် ပကတိအခြေအနေမှန်ပေါ်မှာ ဆင်ခြင်ကြည့်တတ်မည်ဆိုလျှင် အနီးစပ်ဆုံး ကောက်ချက်ကို ဆွဲနိုင်ပေလိမ့်မည်။

ယနေ့ ဆက်လက်ယှဉ်ပြိုင်မည့် (က)အုပ်စုမှ စပိန်နှင့်ပေါ်တူဂီတို့သည် မထင်မှတ်သော အခြေအနေများကြောင့် အပြတ်ဖြတ်ရမည့် ပွဲစဉ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ အိမ်ရှင်ပေါ်တူဂီမှာ ဖောင်ဖျက်ကစားရမည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်သည်။

ဇွန် ၂၁ ရက်(တနင်္လာနေ့)
နံနက် ၁း၁၅ နာရီ
ရုရှား-ဂရိ

"ပေါ်တူဂီနဲ့ ကစားတဲ့ ရုရှားရဲ့ ခြေစွမ်းဟာ စပိန်နဲ့ကစားတဲ့ ခြေစွမ်းလောက် မကောင်းတော့ဘူး။ တန်ပြန်တိုက်စစ်တွေ မရှိသလောက် ဖြစ်သွားတယ်။ကစားကွက်ဟာလည်း ပီပီပြင်ပြင် မရှိတာတွေ့ရတယ်။ ရုရှားတွေဟာ အနိုင်ရဖို့ထက် တစ်ဖက်ကစားသမားတွေအပေါ် ခပ်ကြမ်းကြမ်း ကစားပြီး ထိန်းချုပ်ဖို့ ကြိုးစားတဲ့ နည်းဗျူဟာကို သုံးခဲ့ဟန်တူတယ်။ နောက်ပြီးတော့လည်း ဝါရင့်တိုက်စစ်မှူး မော်စတိုဗွိုင်ရယ်၊ အဓိက နောက်ခံသမား ရှုရိနော့ဗ်မပါဝင်တာတွေကလည်း ရုရှားအသင်းကို အားလျော့စေပါတယ်။ ဘာပဲဖြစ်ဖြစ် ရုရှားအသင်းကို ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာကြည့်ရင် အသင်းကောင်းတစ်သင်း ဖြစ်ပါတယ်။ နှစ်ပွဲရှုံးထားတော့ ရုရှားမှာ မျှော်လင့်ချက်မရှိတော့ပါဘူး။ ထွက်ဖို့များသွားပါပြီ။ "တကယ်လို့များ ရုရှားက သူ့ဘောလုံးစွမ်းရည်ကို ထုတ်ပြကစားသွားမယ်ဆိုရင် ပွဲကောင်းတစ်ပွဲ ဖြစ်ပါလိမ့်မယ်" ဟု ဘောလုံးဝါသနာအိုး တစ်ယောက်က မှတ်ချက်ပေးသည်။

ပွဲထွက်နွေးသော ရုရှားသည်ခုနစ်မိနစ်တွင် ဂိုးပေးလိုက်ရသည်။ ပေါ်တူဂီ၏ နေရာစုံမှ ရွှေ့ပြောင်းတိုက်စစ်များကို ရုရှားသည် ခုခံဖျက်ထုတ်ရင်း ပထမတစ်ပိုင်းလုံးကို ထိန်းသိမ်းထားနိုင်သည်။ သို့သော် ရုရှားသည် ကွင်းလယ်ကစားရာတွင်လည်း အားပျော့ခြင်းကြောင့် ပေါ်တူဂီအသင်းကို ထိုးစစ်ဆင် မကစားနိုင်ခြင်း ဖြစ်သည်။ ပေါ်တူဂီ ဖိထားသော်လည်း ဂိုးမရဖြစ်နေသည်။ ဒုတိယပိုင်းဆိုလျှင် လူ ၁၀ ယောက်တည်းဖြင့် ပေါ်တူဂီကို ခံကစားပြသွားသည်။ ၎င်းမှာ ရုရှား၏ စွမ်းရည်ဖြစ်သည်။ ပွဲပြီးရန်နှစ်မိနစ်အလိုမှ ပေါ်တူဂီတို့ နောက်ထပ်တစ်ဂိုး ရသွားခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ရုရှားကစားခဲ့သော နှစ်ပွဲစလုံးကို သုံးသပ်ကြည့်လျှင် ခံစစ်ကောင်းသော အသင်းတစ်သင်းဟု အခိုင်အမာ သတ်မှတ်၍ရသည်။

နောက်တန်းအမှား

ဂရိအသင်းသည် နှစ်ပွဲပေါင်း လေးမှတ်ဖြင့် အုပ်စုတက်ရန် သေချာသလောက်ရှိနေသည်။ ရုရှားကို အေးအေးဆေးဆေးနှင့် အပေါ်စီးမှ ကစားရမည့် အနေအထားရှိသည်။ သို့သော် စပိန်နှင့် ကစားသောပွဲတွင် ဂရိခြေစွမ်းသည် ပေါ်တူဂီပွဲလောက် မကောင်းချေ။ သွက်သွက်လက်လက်မရှိ။ ဆိုင်းနေသည်။စပိန်အသင်း၏ ဖိကစားခြင်းကို ခံခဲ့ရသည်။ ဂရိကွက်လည်း ပျောက်နေသည်။ နောက်တန်းတစ်ခုသာကောင်းသည်။ တန်ပြန်တိုက်စစ်များလည်း ထိရောက်မှုမရှိဘဲ ဖြစ်နေသည်။ သို့သော် ၆၆မိနစ်တွင် ဂရိအတွက် ကံတရားက ဖေးမလာသည်ဟု ပြောရမည်။ စပိန် နောက်တန်းအမှားကြောင့် ချေပဂိုးရလိုက်သည်။ အားလုံးကိုခြုံကြည့်လျှင် ဂရိကစားပုံ စပိန်နှင့်ပွဲတွင် လုံး၀ မကောင်းဟု ဆိုရမည်ဖြစ်သည်။ ကံတရားက ဂရိကို စောင့်ရှောက်သွားခြင်းဖြစ်သည်။

သေချာ

"ဂရိတွေဟာ ဒီနေ့အထိ ကံကောင်းနေတုန်းပဲ။ အုပ်စုတက်ဖို့တော့ သေချာသလောက်ရှိနေပါပြီ။ ဒီကနေ့ကစားမယ့် ရုရှားနဲ့ပွဲကို ပေါ့ပေါ့တန်တန်ကစားလို့တော့မရဘူး။ အနည်းဆုံး သရေရအောင်ကန်မှ ဖြစ်မယ်။ အကယ်၍ ပေါ်တူဂီက စပိန်ကိုနိုင်ရင် ခြောက်မှတ်ရမယ်။ ဂရိက ရုရှားကို သရေဖြစ်ရင်ငါးမှတ်နှင့် ဒုတိယရမည်။ နိုင်ရင်တော့ခုနစ်မှတ်နှင့်ထိပ်ရောက်မယ်။ နောက်တစ်ချက် ဂရိတွေစဉ်းစားရမှာက ရှုံးခဲ့ရင်ဆိုတဲ့ ကိစ္စဖြစ်တယ်။ လောလောဆယ်မှာ စပိန်နှင့် ဂရိတို့ အမှတ်တူနေပါတယ်။ ပေးဂိုး၊သွင်းဂိုး ကွာဟချက်လည်း တူနေပါတယ်။ ဒါကြောင့် ဂရိတွေ အနိုင်ရအောင် ကစားသွားလိမ့်မယ်ထင်တယ်" ဟု ဘောလုံးဝါသနာအိုး၏ မိတ်ဆွေကသူ့အမြင်ကိုပြောပြသည်။

ဇွန်၂၁ရက်(တနင်္လာနေ့)
နံနက် ၁း၁၅ နာရီ
စပိန်-ပေါ်တူဂီ

"လောလောဆယ် အနေအထားအရတော့စပိန်က အပေါ်စီးကနေကန်ရမှာဖြစ်ပါတယ်။ နှစ်ပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေကျလို့ လေးမှတ်ရထားတယ်။ အိမ်ရှင်ပေါ်တူဂီက တစ်ပွဲရှုံးတစ်ပွဲနိုင်တာကြောင့် သုံးမှတ်ပဲရသေးတယ်။ ဂရိကလည်း တစ်ပွဲနိုင်၊ တစ်ပွဲသရေကစားထားတော့သူလည်း လေးမှတ်ရထားပါတယ်။ ဒါကြောင့်အိမ်ရှင်ပေါ်တူဂီဟာ ဒီပွဲကို ရေကုန်ရေခန်းကစားမယ့် သဘောရှိနေပါတယ်။ စပိန်ကစားခဲ့တဲ့ပွဲတွေကို လေ့လာကြည့်တဲ့အခါမှာ ကျေနပ်လောက်တဲ့ အဆင့်မှာ မရှိပါဘူး"ဟု မြန်မာဘောလုံး ပရိသတ်တစ်ဦးက စပိန်အသင်းပေါ် မှတ်ချက်ပေးသည်။

အားနည်းချက်

စပိန်သည် တိုက်စစ်အားကို အလွန်အကျွံအားကိုးတတ်သည်။ယင်းအချက်မှာ စပိန်၏ အားနည်းချက် ဖြစ်သည်။ ရုရှားနှင့်ပွဲတွင်းလည်းကောင်း၊ ဂရိနှင့်ပွဲတွင်လည်းကောင်း စပိန်တို့သည် ပြိုင်ဘက်အသင်းအား အတင်းတက်ဖိပြီး တိုက်စစ် ရွက်ကုန်ဖွင့်သည်ကို သတိပြုမိကြမည်ဖြစ်သည်။ ရုရှားနှင့်ပွဲတွင်တန်ပြန်တိုက်စစ်ကို အကြိမ်ကြိမ်ခံရသည်။ ကံကောင်း၍သာ ဂိုးမပေးရခြင်းဖြစ်သည်။ သို့သော် ဂရိနှင့်ပွဲတွင် စပိန်အသင်း ဒုက္ခကောင်းကောင်းရောက်ခဲ့ရသည်။ တန်ပြန်တိုက်စစ်ကြောင့် အနိုင်မှသရေဖြစ်ခဲ့ရသည်။ ဒီတစ်ချက်သည် စပိန်အတွက် သင်ခန်းစာဖြစ်သည်။

ဘယ်ခြမ်းအားနည်း

နောက်အားနည်းချက်မှာ စပိန်၏ ဘယ်နောက်တန်းဖြစ်သည်။ ညာခြမ်းမှ ပူယိုးလ်မှာသလောက် ဘယ်ခြမ်းမှ ရာအူးဘရာဗိုက ပျော့သည်။ ပြိုင်ဘက်များသည် စပိန်၏ ဘယ်ခြမ်းကို အဓိကပစ်မှတ်ထားပြီး ထိုးဖောက်ကစားသည်။ ဘယ်ခြမ်း အားနည်းသည့်အတွက် ရာအူးလ်ပင် ဆင်းဖြည့်ပေးရသည်။ ဘရာဂျာ တစ်ယောက်တည်းဖြင့် ယင်းအခြမ်းကို မကာကွယ်နိုင်ဘဲဖြစ်နေတတ်သည်။

ပြုပြင်ခြင်းမရှိ

စပိန်၏ ကွင်းလယ်ကစားကွက်သည် ကစားခဲ့သော နှစ်ပွဲစလုံးမှာ အသာစီးရခဲ့သည်။ သို့သော် အိမ်ရှင်ပေါ်တူဂီနှင့် ပွဲတွင် ၎င်းနှစ်ပွဲလောက် ကွင်းလယ်ကို ထိန်းချုပ်ကစားဖို့ ခက်လိမ့်မည်ဖြစ်သည်။ ပေါ်တူဂီ၏ ကွင်းလယ်သည် စပိန်ထက်ပို၍ ထက်မြက်သည်။ သို့သော် စပိန်၏ ကစားကွက်သည် ပေါ်တူဂီထက် ပိုစိပ်သည်။ ပေါ်တူဂီသည် ကစားကွက်ကိုပုံဖော်ရာတွင် ကျဲသည်။ ရုရှားနှင့်ပွဲတွင်လည်း ပေါ်တူဂီသည် ၎င်းအားနည်းချက်ကို ပြုပြင်ခြင်းမရှိ။ ဂရိနှင့်ကစားသည့်အတိုင်းပင် ကစားခဲ့သည်။

နောက်ပွဲကောင်း

ပေါ်တူဂီ၏ နောက်ပွဲကစားပုံများ ကောင်းလာသည်။ အကယ်၍ ဒေကို အရင်ကစားရရင် ဖီဂိုနှင့်အတူ လှုပ်ရှားကစားဖွယ်ရှိသည်။ ရုရှားနှင့်ပွဲတွင် ဒေကိုကို စောစောစီးစီး ပွဲထုတ်ခဲ့သည်။ ယခုပွဲတွင် ပေါ်တူဂီတို့ ကစားပုံနည်းဗျူဟာ ပြောင်းလဲမည့်ဟန်ရှိသည်။ သို့သော်နောက်တန်း၏ အားနည်းချက် ပြုပြင်ဖာထေးရန်ခက်သည်။ စိတ်ချလုံခြုံလောက်သည့် မာမာချာချာ အရန်ကစားသမားမရှိဘဲ ဖြစ်နေသည်။ ကစားခဲ့သော နှစ်ပွဲတွင် ဘယ်သူဘယ်ဝါကတော့ဖြင့် နောက်တန်းတွင် ကောင်းသည်ဟု ဆွဲထုတ်ပြစရာမရှိဘဲ ဖြစ်နေသည်။ဂရိနှင့်ပွဲတွင် ဗွေဆော်ဦးပေးလိုက်ရသောဂိုးသည်နောက်တန်း လူပေးမှားသောကြောင့် ဖြစ်သည်။ တကယ်တမ်း နှစ်သင်းစလုံး၏ နောက်တန်းကို လေ့လာကြည့်လျှင် အင်အားတောင့်ခြင်းမရှိသည်ကို တွေ့ရသည်။ အလယ်တန်းနှင့် ရှေ့တန်းမှာ နှစ်သင်းစလုံးကောင်းသည်။ လက်ရှိအနေအထားအရ လူအား၊ ကစားပုံတို့သည် ပေါ်တူဂီအနည်း ငယ်သာလျက်ရှိသည်။

"အိမ်ရှင်ပေါ်တူဂီအနေနဲ့ အုပ်စုတက်ဖို့ သေသေကျေကျေ ကစားရမယ့်ပွဲပဲ။ တစ်တိုင်းတစ်ပြည်လုံးက စကိုလာရီကိုရော ကစားသမားတွေ အပေါ်ပါ ဖိအားတွေပေးနေပြီ။ ဖြစ်တဲ့နည်းနဲ့ ပေါ်တူဂီနိုင်အောင် ကစားရတော့မယ်။ အိမ်ရှင်ဆိုတဲ့ အနေအထားကို ခဏဘေးဖယ်ထားလိုက်ပါ။ နောက်တန်းအင်အားချင်း အတူတူလောက်ရှိတယ်။ အလယ်တန်းက ပေါ်တူဂီက စပိန်ထက် နည်းနည်းပိုကောင်းတယ်။ စပိန်မှ ဗင့်ဆင့်တီ၊ ဗယ်လာရွန်တို့နဲ့ ပေါ်တူဂီက ဒေကို၊ ရူအီကော့စတာတို့ တန်းတူသဘောထားလိုက်ပါ။ ဖီဂိုနဲ့ ရာအူးလ်ကတော့ ကွာလိမ့်မယ် ထင်ပါတယ်။ ရာအူးလ်က ဖီဂိုလောက် ကောင်းလိမ့်မယ် မထင်ပါဘူး။ ကျန်တဲ့ ဘာရီရာတို့က ပေါ်တူဂီက ပေါ်လေတာနဲ့ ဆီမာအိုတို့ကို ယှဉ်လို့ရမယ်မထင်ဘူး။ ဒီကြားထဲ ပေါ်တူဂီမှာ မြှုပ်ကွက်ရှိတယ်။ ရော်နယ်လ်ဒိုပဲ။ တစ်ဖက်နောက်တန်း သက်လုံကုန်တဲ့အချိန်မှာ ဝင်ပြီး မွှေလိမ့်မယ်။ စပိန်မှာ ဒါမျိုးမရှိဘူး။ နှစ်သင်းစလုံးက အဓိကကစားသမားတွေကို ထိန်းချုပ်ကြမှာပဲ။ ဘယ်သူတွေ ကျော်ဖြတ်သွားနိုင်မလဲ ဆိုတာ စိတ်ဝင်စားစရာကောင်းပါတယ်။ ဘာပဲဖြစ်ဖြစ် ပွဲကတော့ ကြည့်ကောင်းမယ့်ပွဲပဲ။ ပေါ်တူဂီ အနေအထားက ဒဏ်ရာနဲ့ ချောင်ပိတ်မိနေတဲ့ ကျားလိုပါပဲ" ဟု ပေါ်တူဂီ ပရိသတ်တစ်ဦးက မှုမှုတတ သုံးသပ်ပြလိုက်သည်။ ။ (ကြေးမုံ)

မြန်မာအမျိုးသမီးများနေ့ကြိုဆို သီလရှင်ကျောင်းသို့လှူဒါန်း

ရန်ကုန် ဇွန် ၁၉

၂၀၀၄ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့မှ အကြံပေးပုဂ္ဂိုလ် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်ခင်ဌေးမြင့်က ကြီးမှူး၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ်များ၊ အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ရှိ ဝိသာခါ သီလရှင်သင် အမျိုးသမီး ပညာရေးကျောင်း အမှတ်(၁)ရှိမိဘမဲ့ကလေးများနှင့် ရပ်ကွက်အတွင်းရှိ ကလေးသူငယ်များ စုစုပေါင်း ၁၆၀ကျော်တို့အား ဆန်၊ ဆီ၊ အာလူး၊ မြေပဲ၊ငါးခြောက်၊ ဆပ်ပြာ စသည့် ကုန်ခြောက်ပစ္စည်းများ၊ အစားအစာပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်များ၊ ခဲတံ၊ ဘောလ်ပင်နှင့်အဝတ်အထည်မျိုးစုံ၊ ကျောင်းတိုက်ဝေယျာဝစ္စအတွက် ဝတ္ထုငွေကျပ် ၄၀၀၀၀ တို့ကိုပေးအပ်လှူဒါန်းကြရာ**(အပေါ်ပုံ)**ဆရာလေးဒေါ်ကိဿရထေရီနှင့်ဒေါ်ဇေယျာနန္ဒီတို့က လက်ခံ၍ ကျေးဇူးတင်အနုမောဒနာစကားပြောကြားသည်။

(သတင်းစဉ်)

အီတလီနှင့်ဆွီဒင် တစ်ဂိုးစီသရေကျ တော့တီပွဲပယ်ခံရ၍ အီတလီအားနည်း

ရန်ကုန် ဇွန် ၁၉

ယူရို-၂၀၀၄ဘောလုံးပြိုင်ပွဲအုပ်စု(ဂ)ပွဲစဉ်အဖြစ် တစ်ပွဲနိုင်သုံးမှတ်ရထားသော ဆွီဒင်အသင်းနှင့် တစ်ပွဲသရေ တစ်မှတ်သာရသေးသော နာမည်ကြီး အီတလီအသင်းတို့ ယနေ့နံနက်၁နာရီ၁၅မိနစ်က ပေါ်တူဂီနိုင်ငံတွင် ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဂိုးစီသရေကျပြီး တစ်မှတ်စီရရှိသွားသည်။

အီတလီအသင်း	**တစ်ဂိုး**
(ကာဆာနို)	
ဆွီဒင်အသင်း	**တစ်ဂိုး**
(အီဗရာဟီမိုဗစ်)	

ပထမပိုင်းတွင် အီတလီအသင်း ကစားကွက် လျင်လျင်မြန်မြန်၊ အချိတ်အဆက်မိမိဖြင့်ဆွီဒင်ဘက်သို့ ဆက်တိုက်ဖိကစားသွားနိုင်ပြီး ၃၇မိနစ်၌ နောက်ခံလူ ပါနူချီအသာ မ,တင်ပေးသည့် ဘောလုံးကို ကာဆာနိုက ခေါင်းတိုက် သွင်း၍ တစ်ဂိုးဖြင့် ဦးဆောင်ခဲ့သည်။ အီတလီတိုက်စစ်မှူး ဗီယာရီနှင့် ဒယ်လ်ပီယာရို တို့၏ အပိုင်ဂိုးသွင်းမှုများ ဂိုးမရ၍ နစ်နာခဲ့ရသည်။

ဒုတိယပိုင်းတွင်မူ ဆွီဒင်အသင်း ကစားကွက်မိပြီး အီတလီဘက်သို့ မနားတမ်း ထိုးဖောက်ဖိကစားနေ၍ အီတလီနောက်တန်းလူများ အကြိမ်ကြိမ် ဖျက်ထုတ်နေရသည်။ ပွဲပြီးရန်ငါးမိနစ်အလိုတွင် အီတလီဂိုးရှေ့၌ ရှုပ်ထွေးနေရာမှ အီဗရာဟီမိုဗစ် ကန်သွင်းသဖြင့် ချေပဂိုးရကာ တစ်ဂိုးစီသရေကျသွားသည်။

အီတလီအသင်းတွင် တိုက်စစ်မှူးတော့တီပွဲပယ်ခံထားရသဖြင့် မပါဝင်၍ အားနည်းရသည်။

အုပ်စု(ဂ)တွင်ဆွီဒင်နှင့် ဒိန်းမတ်တို့က တစ်ပွဲနိုင်၊တစ်ပွဲသရေဖြင့် လေးမှတ်စီရရှိနေပြီး အီတလီက နှစ်ပွဲသရေဖြင့် နှစ်မှတ်၊ ဘူဂေးရီးယားက နှစ်ပွဲရှုံး အမှတ်မရသေးဘဲရှိနေသည်။

အုပ်စုနောက်ဆုံးပွဲစဉ်များအဖြစ် ဇွန် ၂၃ရက် နံနက်၁နာရီ၁၅မိနစ်တွင် ဒိန်းမတ်နှင့် ဆွီဒင်၊ အီတလီနှင့် ဘူဂေးရီးယားတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဒိန်းမတ်နှင့် ဆွီဒင်တို့ သရေကျပြီး အီတလီက ဘူဂေးရီးယားကို အနိုင်ရလျှင် သုံးသင်း ငါးမှတ်စီတူမည်ဖြစ်သည်။ (ကြေးမုံ)

အီတလီအသင်းမှ ကာဆာနို ဂိုးသွင်းပြီးနောက် အောင်ပွဲခံနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆေးဝါးအသစ် မိတ်ဆက်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၉

Glenmark Pharmaceuticals Co., Ltd ၏ Glevo (Levofloxacin) ဆေးဝါးအသစ် မိတ်ဆက်ပွဲ အခမ်းအနားကို ဇွန် ၁၃ရက် ည ၆နာရီခွဲတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Parkroyal ဟိုတယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ Glenmark Pharmaceuticals Co., Ltd မှ Country Manager Mr. Argha Choudury က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် Glenmark Pharmaceuticals Co., Ltd အကြောင်းသိကောင်းစရာများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက်ပါမောက္ခဒေါက်တာမျိုးသွယ်က Quinolonesဆေးများစတင်ပေါ်ပေါက်လာပုံ၊ အဆင့်ဆင့်တိုးတက် ထုတ်လုပ်မှုနှင့် ရောဂါအသစ်များအတွက် ဆေးအသစ်များထုတ်လုပ်ရန် ဆေးသုတေသနပြုလုပ်မှုလုပ်ငန်းများကိုလည်းကောင်း၊ Glenmark Pharmaceuticals Co., Ltd (International Business)မှ Product Manager Mr. Pavan Maligi က Glevo (Levofloxacin)ဆေးဝါးအသစ်ထုတ်လုပ်မှု၊ အကျိုးအာနိသင်၊ ကုသနိုင်သော ရောဂါများနှင့် အသုံးပြုနည်းစသည်တို့ကိုလည်းကောင်း အကျယ်တဝင့်ရှင်းလင်း ပြောကြားကြသည်။

ယင်းနောက် ဆေးဝါးအသစ်မိတ်ဆက်ပွဲသို့ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ ပါမောက္ခဒေါက်တာမျိုးသွယ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ Glevo (Levofloxacin) ဆေးဝါးအသစ်ကို အိန္ဒိယနိုင်ငံ Glenmark Pharmaceuticals Co., Ltd က ထုတ်လုပ်ပြီး မြန်မာနိုင်ငံရှိ Grand Pharmaceuticals Co., Ltd က ဖြန့်ချိရောင်းချသွားမည်ဖြစ်ရာ ၎င်းဆေးသည် အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါများ၊ ဆီးလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့် ဘက်တီးရီးယားရောဂါပိုးကြောင့် ဖြစ်ပွားသောရောဂါများ အတွက်ဖြစ်သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနတွင် အသုံးပြုရန် လိုအပ်သော ပစ္စည်းများဝယ်ယူရန်

တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ သတင်းစာစက္ကူများကို ဝယ်ယူလိုပါသည်–

(က)	သတင်းစာစက္ကူ	(48.8 Gsm) ($28\frac{1}{4}$"/ 34"/40" Width)	၁၄၀၀ တန်
(ခ)	သတင်းစာစက္ကူ	(48.8 Gsm) (30" Width)	၁၈၀၀ တန်
(ဂ)	သတင်းစာစက္ကူ	(48.8 Gsm) (34" Width)	၁၃၅ တန်

၂။ တင်ဒါပေးသွင်းမှုကို (၃၀–၆–၂၀၀၄)ရက် (၁၆း၃၀)နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်–၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။ ဖုန်း–၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅။

မွေးနေ့ဆုမွန်

ချစ်သမီးလေး **"သွဲ့"**(ရင်သွေးငယ်)ရဲ့
၂၀–၆–၂၀၀၄နေ့တွင် ကျရောက်တဲ့ တစ်နှစ်မြောက်မွေးနေ့မှာ
ချစ်ရသောမိသားစုနဲ့အတူ ပျော်ရွှင်ချမ်းမြေ့စွာ
ဘဝခရီးလျှောက်လှမ်းနိုင်ပါစေ။

ဘွားဘွားများ၊ ဦးဦးဒေါ်ဒေါ်များ၊ ကိုကိုမမများ၊
ဖေဖေ–ဦးသိန်းမျိုးဝင်း
မေမေ–ဒေါ်စောနွယ်နီထွေး
ရွှေသစ္စာ၊ညောင်ဦး။

ဝန်ထမ်းအလိုရှိသည်(ပြည်တွင်းခွဲသာ)

၁။ အလှမီနီယံလုပ်ငန်းအတွေ့အကြုံရှိပြီး ကျွမ်းကျင်သော ဝန်ထမ်း ကျား(၈)ဦး အမြန်အလိုရှိသည်။

၂။ ...

၃။ ...

ဝီဝဓ အထူးကုဆေးခန်း

လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ ဆီးနာ၊ အရိုး၊ အကြော

KMD Computer Centre

Project Management with VB.NET

.NET Framework ပေါ်မှာ VB.NET ကိုသုံးပြီး မိမိစိတ်ကြိုက် Project လုပ်လိုသူများအတွက်

29 June 2004 (9:00 - 11:00) Mon-Fri

KMD (Head Office): 550-552, Merchant Road, Kyauktada Tsp., Ygn. Tel: 249185 / 381039 Email: kmd.mcc@yangon.net.mm

---

(U-9) မြေကွက်

... (U-9) ... ● 09-80 34015

အများသိစေရန်သတိပေးကြေညာချက်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်နေကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဆွေဆွေဝင်းနှင့် ဦးဇော်ထွန်းတို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

မကွေးတိုင်း၊ ချောက်မြို့နယ်၊ အမှတ်(၈)နယ်မြေ၊ ကွက်သစ် အနောက်ရပ်၊ ဦးပိုင်အမှတ်(၇၂)၊ မြေကွက်အမှတ်(၁၆၆)ဟု ခေါ်တွင်သောမြေကွက်မှာ ဦးဝင်းမောင်နှင့် နှမ ဒေါ်ခင်မြင့် ဂရန်အမည်ပေါက် ပိုင်ဆိုင်၍ ဦးဝင်းမောင်ပိုင်သောမြေကွက်၏တောင်ဘက်ခြမ်းတွင် အထက်ပါပုဂ္ဂိုလ်(၂)ဦးမှ ဆိုင်ခန်းများဆောက်လုပ်ထားပါသည်။ အဆိုပါမြေနှင့်မြေပေါ်ရှိ နေအိမ်၊ ဆိုင်ခန်းများကို ကျွန်ုပ်တို့မိတ်ဆွေများ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ထပ်ဆင့်ငှားရမ်းခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်းကို မည်သူမျှ ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ဦးညွှန့်လှိုင်၊ ဦးသန်းညွှန့်
စဉ်/၁၉၃၆ စဉ်/၃၄၁၉
တရားရုံးချုပ်ရှေ့နေများ။

မြန်မာကောင်း တိုင်းရင်းဆေးကုခန်း

လိပ်ခေါင်း၊ လေဖြတ်၊ အရိုးအကြောအထူးကု

ဝန်ထမ်းအလိုရှိသည်

Designer ကျား/မ (၂) ဦး

သွဲ့မှု အသက်(၂၅–၃၅)နှစ်အတွင်း၊ Adobe Photoshop နှင့် Pagemaker တို့ကို ကျွမ်းကျင်သူ၊ Layout Design နှင့် ...

တူဒေးစာအုပ်တိုက်

ထီးပိုင်းနှင့်ဘုရင့်

ဖုန်း–၈၈၈၈၅၃/၃၈၅၁၅၁

ဖခင်အမည်မှန်

အထက(၃)တောင်ဥက္ကလာ ဒသမတန်း(H)မှ မောင်ဇင်ကိုကိုထွန်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းဝင်းထွန်း (BSN/E-112644)ဖြစ်ပါကြောင်း။

ဦးသိန်းဝင်းထွန်း

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈/ ၇၃၈၆ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ (၁၅)ရက်အတွင်း ကညန၊တိုင်းရုံး (ရန်ကုန်)သို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း။

နေရာကွက်ကျား

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။

ကိန္နရီ ®

ရွှေထည်ဆိုင်

အ ရည် အ သွေး စံ ချိန် မီ ကိ န္န ရီ လုံ ချည်

အမှတ်ကိုနိုင်ပါရန် – "ကိန္နရီ" ...

အခြေခံပညာ အလယ်တန်း၊ အထက်တန်း ကျောင်းသားများအတွက်

Student's Companion စာစဉ်ထုတ်ဝေမည်

... Student's Companion စာစဉ်များကို ၂၀၀၄ ခုနှစ်၊ ... ဖုန်း ၂၉၇၇၉၃ သို့ ဆက်သွယ်မှာယူနိုင်ပါပြီ။

HIP HOP LIVE SHOW 2004

Acid	မျိုးကျော့မြိုင်
Theory	ဖြိုးကြီး
NS	မြေပဲယို
102.7fm	ငယ်ဆုး
Too Big	ညီသူ
System	ကြက်ဖ
Examplez	ကျော်သူရိန်
9mm	
DinnerFlame	
x-Rays	
DJ - BOYZ	

နွယ်ဇင်း, ရွှေထိုက်, ခင်ဘုဏ်း, မေဓါဝီ, ယုဇန, ရေစက်ဝင်း

The Trees band

နေရာ Strand Hotel

ရက် 20 . 6 . 2004 ... ၂၀၀

MOTHER LAND ... **YADANAR MYAING** ...



ဧရာဝတီတိုင်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်ချီးမြှင့်

ကန်ကြီးထောင့် ဇွန် ၈

ဧရာဝတီတိုင်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ကန်ကြီးထောင့်မြို့နယ် ပုသိမ်နည်းပညာကောလိပ် ကျောင်းခြံဝင်းအတွင်း၌ ဇွန် ၆ ရက်က ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ တိုင်းအမျိုးသမီးရေးရာ အဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါ်တင်တင်လတ်နှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် တိုင်းသစ်တောဦးစီးတို့က အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တက်ရောက်လာသူများက ကျွန်း၊ သစ်ဆိမ့်၊ ဆီသပြေ၊ ရေတမာ၊ ကံ့ကော်နှင့် မဟော်ဂနီပင်များကို စိုက်ပျိုးကြသည်။

(ယာပုံ) (၄၀၁)

ရမည်းသင်းမြို့နယ်အတွင်း စည်ပင်သာယာရေးအဖွဲ့က ရန်ကုန်-မန္တလေး ကားလမ်းဘေးဝဲ/ယာ သာယာလှပရေးအတွက် ပန်းအုတ်ခုံများတွင် ပန်းအလှပင်များ စိုက်ပျိုးနေမှုတို့ ဇွန် ၃ ရက်က မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းဝင်းနှင့် တာဝန်ရှိသူတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၁၁၅)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ရေး ဟောပြော

တွံ့တေး ဇွန် ၁၈

တွံ့တေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ပညာရေးဆောင် ကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်နှင့် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြပွဲကို ဇွန် ၁၇ ရက်က ဘုရားကြီး ကျေးရွာ ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအေးသောင်း၊ ကျေးရွာဥက္ကဋ္ဌ ဦးမျိုးမြင့်၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်လှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးအေးသောင်းက အမျိုးသားရေးနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ရေး၊ ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်လှက အမျိုးသမီးများ အကြမ်းဖက်မှု ကာကွယ်တားဆီးရေး၊ မြို့နယ်စာကြည့်တိုက် လက်ထောက်(၃) ဦးမြတ်လှိုင်က ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

(မြို့နယ်ပြန်/ဆက်)

ဇွန် ၁၂ ရက်က ထားဝယ်မြို့နယ်၊ ကျန်းမာရေးဦးစီးဌာနမှ ထားဝယ်မြို့၊ ရှမ္မလည်ဆွဲရပ်ကွက်တွင် သွေးလွန်တုတ်ကွေးရောဂါ ကာကွယ်ရေး ပိုးလောက်လန်း နှိမ်နင်းခြင်းလုပ်ငန်းကို ထားဝယ်မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာမြင့်စန်းနှင့် ရပ်ကွက်ကောင်စီဝင်များ၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (၄၇၃)

သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်း

ဇီးကုန်း ဇွန် ၁၄

ပဲခူးတိုင်း(အနောက်ပိုင်း) ဇီးကုန်းမြို့နယ်ဆရာဝန်ကြီး ဒေါက်တာကြည်လွင်ကြီးကြပ်၍ ကြက်ခြေနီတပ်ရင်းမှ ဒုတပ်ရင်းမှူးခင်ဝင်း ခေါင်းဆောင်သော ကြက်ခြေနီရဲဘော် ၅၀ တို့သည် ဇီးကုန်းမြို့နယ်အတွင်းရှိ အထက၊ အလက၊ အမကကျောင်းများ၊ ဈေးများနှင့်ဆေးရုံဝင်းအတွင်း သွေးလွန်တုပ်ကွေး ကာကွယ်ရေးအတွက် ဇွန် ၁၀ ရက်က ဆေးများဖျန်းပက်ကြသည်။ (၂၈၉)

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	[illegible]	မြေကွက်	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	CA [illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	TDI [illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	[illegible]	မြေကွက်	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	YDE [illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	SGU [illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
